
စိတ်ကူးချိုချိုအနုပညာ

# ပီ-မိုးနှင်း

## ဝတ္ထုပဒေသာအမှတ်-၅



mgyoe.com

mgyoe.com

# ပီ-မိုးနှင်း

## ဝတ္ထုပငဒသာအမှတ်-၂

pmn0011
900.00 Ks

mgyoe.com

mgyoe.com

စကားလုံးအသုံးအနှုန်း လွယ်လွယ်နှင့် လိုရင်းကို
ထိထိမိမိရေးနိုင်သော ကွယ်လွန်သူ ဆရာကြီး ပီ-မိုးနင်း၏
ပြောင်မြောက်သော အရေးအသားကို
ဖတ်ရှု လေ့လာမှတ်သား ခံစားဖွယ်
ဝတ္ထုတိုများအား အတွဲများခွဲ၍ ထုတ်ဝေလာရာ
ယခုအတွဲအမှတ် -၅- သို့ ရောက်ပါပြီ။
စိတ်ကူးချိုချိုတွင် စုစည်းပြီး ပီမိုးနင်းဝတ္ထုတိုပေါင်း ၁၆၀
ကျော်ရှိနေပြီဖြစ်၍ အတွဲပေါင်း ၁၃ တွဲခန့်ထွက်ရှိလာရန်ရှိပြီး
တစ်စုတည်း သိမ်းဆည်းဖတ်ရှုလိုသူများအတွက်လည်း
မကြာမီ ပီမိုးနင်းဝတ္ထုတိုပေါင်းချုပ်ကြီး ထူထူထဲထဲ
ထွက်ရှိလာတော့မည်ဖြစ်ပါကြောင်း။

ပီမိုးနင်း ဝတ္ထုပဒေသာအမှတ် ၅

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၁၇၀၈၀၉ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၉၅၀၉၀၉ တို့ဖြင့်
မျက်နှာဖုံးဒီဇိုင်းကို Ag Kyaw ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဒီဇင်ဘာလတွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - သစ္စာ

၈၀၈ - ၈၃

ပီမိုးနင်း
ဝတ္ထုပဒေသာအမှတ် -၅/ ပီမိုးနင်း ။ - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၀၉။
စာမျက်နှာ ၂၁၆ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၇.၅ စင်တီ
(၁) ဝတ္ထုပဒေသာအမှတ် -၅

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အစ်ကိုကြီး | ၁ |
| ၂။ | မင်းလောင်းနှစ်ယောက် | ၁၂ |
| ၃။ | ဓားသမား | ၂၀ |
| ၄။ | ဆိုးပေ | ၄၀ |
| ၅။ | သိုးမွေးစောင် | ၆၃ |
| ၆။ | သခ်ါရ | ၈၄ |
| ၇။ | ရွှေနှယ် | ၁၀၀ |
| ၈။ | ကြွားလို့ဖြစ်တာ | ၁၁၃ |
| ၉။ | ဖိုးတက်၏ တိုးတက်ရေး | ၁၂၀ |
| ၁၀။ | ကုမ္ပဏီသူဌေး | ၁၄၀ |
| ၁၁။ | မယားရိုက်သူ | ၁၄၈ |
| ၁၂။ | မင်္ဂလာလက်ဆောင် | ၁၇၂ |
| ၁၃။ | ဒီယုန်နှင့် ဒီချုံ | ၁၈၇ |
| ၁၄။ | ပျိုသူနှင့် အိုသူ | ၁၉၉ |


□

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အစ်ကိုကြီး



ဘိုးနှစ်သည် မူးယစ်လျက် အစ်ကိုဖြစ်သူ ရာဇဝတ်အုပ်မောင်ဘိုးသစ်၏အိမ်သို့ ရောက်၍လာလေ၏။

ရာဇဝတ်အုပ်က

"ဟေ့ ဘိုးနှစ် မင်းမူးလာတယ်မဟုတ်လား၊ ငါ့အိမ်ကိုမူးရူးပြီး မလာနဲ့၊ ငါ့နာမည်ကို မင်းဖျက်မဲ့အကောင်၊ ငါ လူဆိုးလူမိုက်တွေကို မွေးတယ်၊ လူမိုက်တွေနဲ့ပေါင်းဘယ်လို့ သတင်းဖြစ်နေပြီ မင်းသိလား၊ ငါမင်းအတွက် ဘယ်လောက်နာမည်ပျက်နေတယ်ဆိုတာ မင်းဘာမှမသိဘူး"ဟု ဆိး၍ ပြောလိုက်လေ၏။

"ကျွန်တော် အစ်ကိုနာမည်ပျက်အောင် ဘာများလုပ်လို့လဲ၊ ကျွန်တော် ဘာမှမလုပ်ဘူး"

"မင်းအရပ်ထဲမှာ သောက်စားယစ်မူး၊ ကြက်တိုက်၊ ဟော့ရမ်းနေတယ်ဆိုတာ လူတိုင်းသိတယ်၊ ငါ့ကြောင့် မင်း ဒီလိုနေနိုင်တာ၊ ငါမရှိရင် မင်း ဒီလိုတစ်နာရီ နေနိုင်မှာမဟုတ်ဘူး၊ ငါ့အိမ်မှာ လူကြီးလူကောင်းတွေရှိတယ်၊ ဒီနေ့ည မြို့အုပ်မင်း ဒီမှာတည်းလိပ့်မယ်၊ မတော်တဆ ဒီအမူးသမား ဘယ်ကလူလဲလို့မေးရင် ငါ ဘယ့်နှယ်ပြောမလဲ"

"ကျွန်တော့် ဘိုးနှစ်ပဲ၊ ဘိုးနှစ်လို့ ပြောလိုက်ပေါ့။ အစ်ကို ရာဇဝတ်

mgyoe.com

mgyoe.com

အုပ်မို့ ရာဇဂုဏ်မောက်ရင် ကျွန်တော် အစ်ကို့ညီဖြစ်ကြောင်း မပြောဘဲ နေနိုင်ပါတယ်"

"ငါမပြောပေမယ့် တစ်ယောက်ယောက်ပြောမှာပဲ၊ မင်းကနေ့ည ငါ့ဆီကိုမလာနဲ့၊ မင်းအတွက် ငါ ကျက်သရေယုတ်မှာ"

"အောင်မယ် အစ်ကိုရယ်၊ မလာစေချင်ရင် အခုသွားပါ့မယ်၊ ညီ အစ်ကိုနှစ်ယောက်တည်းရှိလို့ ကိုယ့်အစ်ကိုရယ်လို့ လာတာပါဗျာ၊ ညီလို့ လည်းမပြောပါနဲ့၊ ကျွန်တော်လည်း အစ်ကိုရယ်လို့ မပြောပါဘူး၊ အခုသွား မယ်၊ ကျွန်တော့်မျက်နှာကို ဒီတစ်ခါကြည့်လိုက်၊ နောက် အစ်ကို့အိမ်ရိပ်ကို တောင် မနင်းတော့ပါဘူး"

"မင်းစကားချည့်ပဲနော်၊ ငါက မင်းကို မပြောရသေးဘူး၊ ငါအစ်ကို ကွဲ့ ဒီလောက်ပြောတာလေးကိုတောင် မခံချင်ရင် မင်းသဘော၊ မင်းဘယ် ကိုပဲသွားသွား ငါ့ကို ဒုက္ခမပေးရင်တော်ပြီ၊ မောင်မင်းကြီးသား ကြွတော်မူ ပါခင်ဗျာ၊ မင်းကို အစ်ကိုမပြောဝံ့ပါဘူးညီရယ်၊ ကြွတော်မူပါ"ဟု ပြော လိုက်လေ၏။

ဘိုးနှစ်လည်းအိမ်ပေါ်မှ ဖိနပ်ကို ဆောင့်၍နင်းပြီး ဆင်း၍သွားလေ ၏။ ထိုအခါ ညဥ့်ကိုးနာရီအချိန်ခန့် ရှိလေ၏။

အစ်ကို ဘိုးသစ်ကား စိတ်မချမ်းသာသော်လည်း ပြန်၍မခေါ်ဘဲ ကြည့်၍သာနေရလေ၏။ တိုး၍ကဲမှာ စိုးသောကြောင့်သာ မခေါ်ဘဲနေ လိုက်ရခြင်းဖြစ်လေ၏။ မိဘလည်းမရှိ၊ ညီအစ်ကိုမောင်နှမဟူ၍လည်း အခြားမရှိ၊ ညီအစ်ကိုနှစ်ယောက်တည်းရှိရာ ဘိုးနှစ်မှာ မိုက်မိုက်တူးတူး ညီဖြစ်သဖြင့် ချစ်လည်းချစ်၊ သနားလည်းသနားလျက် ညီဖြစ်သော်လည်း သားကဲ့သို့ ဂရုစိုက်သော အစ်ကိုဖြစ်လျက် ဘိုးသစ်မှာ မပြောရက် မဆို ရက် အခက်ကြုံ၍နေလေ၏။

အစ်ကိုမှာ အသက်သုံးဆယ်ကျော်ကျော် ရှိလေရာ ညီမှာ အသက် ၂၀ မျှလောက်သာရှိလေ၏။ ၎င်းတို့စပ်ကြားမှ အစ်မတစ်ယောက် ဆုံး၍ သွားလေ၏။ ဘိုးသစ်သည် ညီဖြစ်သူအတွက် အမျိုးမျိုးအနှံ့အတာခံလျက်

mgyoe.com

ခုနစ်တန်းအောင်သည့်တိုင်အောင် ညီဖြစ်သူအား ပညာကို သင်၍ပေးလေ၏။

ဘိုးနှစ်သည်ကား ငါ့အစ်ကို ငါ့ကိုဂရုစိုက်သည် ဘယ်တော့မှ ငါ့ကို ပစ်၍ထားမည်မဟုတ်ဟု ယုံကြည်ကာ အလိုလိုက် အမိုက်စော်ကားဆိုသော စကားကဲ့သို့ ဖြစ်၍နေလေ၏။

ဘိုးသစ်သည် ဘိုးနှစ်အား ဤကဲ့သို့ ဖြစ်၍သွားပြီးနောက် သုံးရက် မကြာမီ ပြန်၍ရှာဖွေခေါ်ငင် ချော့မော့ဖျောင်းဖျလေ့ရှိ၏။ ဤတစ်ကြိမ်၌ ကား နောင်ကြဉ်အောင်ထားမည်ဟု စိတ်ကိုတင်းလိုက်လေ၏။ ဘိုးနှစ်က လည်း အခါတိုင်းမှာ အစ်ကိုစိတ်ဆိုး၍ပြီးသည်နောက် နောက်တစ်နေ့မှာ အနီးအပါး၌ ရစ်ဝဲရစ်ဝဲနေလေ့ရှိ၏။ ယခုကား ထိုကဲ့သို့မနေ၊ မဟုတ် တကယ် ပြတ်ပြတ်စဲစဲကဲ့သို့ နေလေ၏။

ဘိုးသစ်၏စိတ်၌ တစ်နေ့သော်လည်း ပေါ်လာနိုးနိုး နောက်တစ် နေ့ မြင်ရနိုးနိုး မျှော်ကိုး၍နေခဲ့လေရာ ဘိုးနှစ်သည်ကား မိမိ၏အစွမ်းကို ပိုမို၍ပြရန် ကြံစည်လျက် အရိပ်အရောင်ကိုမျှမပြဘဲ လွတ်ကင်းရာသို့ သွား၍နေလေ၏။

သို့နေရာတွင် ဘိုးနှစ်မှာ သုံးရေးအတွက် အကယ်ပင် ကျပ်တည်း၍ သွားလေ၏။ သို့ဖြစ်လေရာ အစ်ကိုဆူပူခြင်းထက် ဝမ်းဗိုက်၏ဆူပူခြင်းက ပိုမိုကြီးလေ၍ နေလေ၏။ သို့ဖြစ်ရကား အဘယ်မှာ စားလမ်း ချော်မည်ကို များစွာဂရုစိုက်ရ၏။

ဘိုးနှစ်ထက် အသက်မွေးကျပ်သူတွေလည်း အများအပြားရှိလေ ရာ ဘိုးနှစ်မှာ နောက်လိုက်နောက်ပါ အသက်မွေးကျပ်သူတွေ အသိုက် အဝန်းကြီး၍ လာလေ၏။ တစ်နေ့၌ ကြက်ဝိုင်းအသိမ်းမှာ ကြက်သမား လေးငါးယောက် တိုင်ပင်ကြလေ၏။ တိုင်ပင်သောအကြောင်းမှာ အလုပ် အကိုင် ရှားပါး၍ ငွေတွင်းနက်သည့်အကြောင်း ဖြစ်လေရာသို့ တိုင်ပင်၍ နေခိုက်တွင် ယောက်ျားကြီးတစ်ယောက် ကြိုးအိတ်ကြီးဖြင့် ငွေဒင်္ဂါးတွေ ထမ်းလျက် မီးရထားရုံမှ အိမ်သို့ ပြန်၍လာသည်ကို မြင်ကြရလေသည်။

mgyoe.com

mgyoe.com


ထိုလူကြီးကား စပါးကုန်သည်ကြီး ဦးဘိုးမြင့်ဖြစ်လေရာ ကြိုးဖြင့်ရက်သော အိတ်ကြီးထဲ၌ ငွေများထည့်၍ ထမ်းလာသည်မှာ မရှိရှားပါး သောသူတို့၏လောဘကို အမျိုးမျိုးဆွသကဲ့သို့ ဖြစ်လေ၏။

"ဟော့ ... ဘိုးနှစ်၊ ဒီလူကြီးငွေတွေကို လိုက်ပြီးလုရင် ကောင်းမှာပဲ ဧကန် ကြောက်ကြောက်နဲ့ ပေးခဲ့မှာပဲ"ဟု ဘိုးထီးဆိုသူက ပြောလေ၏။

အခြားတစ်ယောက်က "ဒီလူကြီး ရတဲ့ငွေဟာ စပါးအလုပ်ကို ရိုးရိုးလုပ်လို့ ဒီလောက်ရတာမဟုတ်ပါဘူး၊ ငွေတိုးချလို့ ရတာ၊ ဘယ်နေ့ ဘယ်ရက်မှာ ဆပ်မယ်ဆိုရင် တစ်ရက်အကြူးမခံဘူး၊ ပေါင်နှံထားတဲ့ ရွှေတို့၊ အိမ်တို့၊ ကျွဲတို့ နွားတို့ လယ်မြေတို့ကို တစ်ခါတည်းသိမ်းတာပဲ၊ ရှိခိုးဘာင်းပန်လို့မရဘူး၊ အင်မတန်ရက်စက်တဲ့လူကြီးဗျာ၊ ကျုပ်သူ့ကို ဓားပြဒိုက်မယ်လို့တောင် ကြံမိတယ်၊အဖော်မရှိလို့၊ ဒီလိုအကောင်ကြီး မျိုးငွေကို တိုက်ယူလို့ ငရဲကြီးမှာလည်းမဟုတ်ပါဘူး၊ မတရားရတဲ့ပစ္စည်းတွေ၊ ဒီလိုလူတွေကိုတိုက်ခိုက်ယူရင် တိုင်းပြည်ကို ကူညီရာရောက်မှာပဲ၊ ဝန်ထောက်ဦးဘိုးခကြီးတို့လို လူတွေကိုလုရင်အဘယ်နည်းနဲ့မှ အပြစ်ရှိမှာမဟုတ်ဘူး၊ ဆင်းရဲသားတွေထံက မတရားယူပြီး တောကိုများသွားတဲ့အခါ ရွှေဒင်္ဂါးတွေကို သားရေအိတ်ထဲထည့်ပြီး သွားတာပဲ၊ တောသူမကလေးတွေကို ရွှေဒင်္ဂါးပြပြီး အရှမ်းဖျက်ဆီးတာပဲ"

"ခုတင်က ငွေတွေထမ်းသွားတဲ့ ငရဲကြီးလည်းဒါမျိုးပဲ၊ ဘုရားတကာလို့ အခေါ်ခံပြီး မယားတွေချည်း ယူတာပဲ၊ မယားတကာကြီးလားအခုအံ့နေလိုက်ပြီးလုရင်ရမှာပဲ"ဟု ဘိုးထီးက ပြောလေ၏။

ဘိုးနှစ်က ဘိုးထီးအား မျက်စပစ်၍ပြလေ၏။ ဘိုးထီးကလည်း ပြန်၍ မျက်စပစ်လေ၏။

မကြာမီ နှစ်ယောက်သားထ၍သွားပြီး လယ်ပြင်ထဲမှာလမ်းလျှောက်လျက် တိုင်ပင်ကြလေ၏။

"မင်း နာမည်ပျက်ရှိဖူးသလား"

"မရှိဖူးပါဘူး"

mgyoe.com

"မရှိရင် တော်တာပေါ့ကွဲ့၊ ငါလည်းမရှိဘူး၊ ငါ့အစ်ကိုလည်း ရာဇဝတ်အုပ်"

"ဒီလိုဖြင့် နေရာကျပြီ၊ လူများလို့လည်း မကောင်းဘူး၊ ယုံရသူသုံးလေးယောက်ရရင် နေရာကျမှာပဲ" ဟု ဘိုးထီးက ပြောလေ၏။

"သုံးလေးယောက်တော့ မင်းရှာရင်ရမှာပေါ့၊ ယုံရမှကောင်းတာကွဲ့"

"ရပါတယ် ကိုဘိုးနှစ်ရဲ့၊ အခုရှိတဲ့ လူထဲမှာပဲရှိပါတယ်။ ဒီလူတွေဟာ သူလို ငါလို ငွေလိုနေတဲ့ လူတွေပဲ"

"ပုလိပ်နဲ့တွေ့တော့ အစိုးရသက်သေလုပ်မယ့်အကောင်တွေဖြစ်ရင်လည်း မကိုက်ဘူးကွဲ့" ဘိုးနှစ်က ပြောလေ၏။

"ဒီလိုကောင်တွေတော့ ဒီအထဲမှာမရှိဘူး၊ ကျုပ်အကောင်တွေဆိုရင် စိတ်ချရတဲ့ အကောင်ချည့်ပဲ။ ကျုပ်တို့ ဒါမျိုးမလုပ်ဖူးဘူး ထင်သလား။ ကျုပ်တို့မှာ စိတ်ချရတဲ့တကယ့်လူယုံတစ်စုရှိပါတယ်။ သာဝေ၊ စံကူး၊ ဘိုးထိုက်၊ ဒီအကောင်သုံးယောက်တော့ ဘယ်လိုပုလိပ်ကြမ်းမှ မရဘူးလို့ယုံကြည်လိုက်ပါ၊ ဟိုဘက်က ဖိုခနောက်ဆိုင် သုံးယောက်ဟာ သူတို့ပဲခေါ်လိုက်မယ်နော်"

"ခေါ်လေ အခြားအကောင်တွေ ရိပ်မိမှာ စိုးရတယ်"

"ဒီအကောင်တွေလည်း ဒါမျိုးပဲ၊ သူတို့နဲ့တော့တစ်ခါမှ အလုပ်မလုပ်ခဲ့ဖူးသေးဘူး၊ ဒီသုံးယောက်တော့ စိတ်ချရတဲ့ အကောင်တွေပဲ၊ ဟော့ ... သာဝေ စံကူး" ဟုခေါ်လိုက်ရာ ဘိုးထိုက်ပါ သာဝေ စံကူးတို့နှင့်အတူ ထ၍လာလေ၏။

ဘိုးနှစ်က သာဝေအား အသံကျယ်ကျယ်နှင့်

"ဟော့ ... သာဝေ မင်း ကြက်ဖကြီး ခွပ်လက်ပေးရအောင်"ဟု ပြောလေ၏။

သာဝေက "တဲကိုသွားလေ"ဟုပြောပြီး ငါးယောက်သား ဟန်ဆောင်ကြလေ၏။

ဘိုးထီးက "တခြားမဟုတ်ဘူးကွဲ့၊ ဟိုအကောင်တွေကို စိတ်မချလို့

mgyee.com

mgyoe.com

မင်းကိုခေါ်တာ၊ ငါတို့ ဒီကနေ့ည အလုပ်ကလေးတစ်ခု လုပ်ချင်လို့ မင်းတို့ သုံးယောက်ကို အလုပ်လုပ်မလားလို့တိုင်ပင်တာပဲ၊ ဘယ့်နှယ်သဘောရသလဲ" ဟု မေးလေ၏။

"အလုပ်ဆိုတာ ဝိုင်းကောင်းရင် လုပ်တာပေါ့ကွဲ့"

"ဝိုင်းတော့ မင်းတို့ပဲရှိတာပဲ၊ မင်းတို့ကောင်းရင် ကောင်းမှာပဲ"

"ရွှေ့၊ စိန်လိုက် ဘယ်မှာအုံ့ရှိသလဲ"

"ခုတင်က ဦးဘိုးမြင့်ကြီးကို မြင်တယ်မဟုတ်လား၊ ဒါထက်ကောင်းတဲ့အုံ ဘယ်မှာရှိမှာလဲကွဲ့၊ သူ့မှာ သမီးနှစ်ယောက်နဲ့ အမယ်အိုကြီးလည်း ရှိတယ်".

ထိုနောက် လက်ဟန်ခြေဟန်နှင့်တစ်မျိုး၊ လူနားမလည်သော စကားဖြင့်တစ်မျိုး ပြောဆိုတိုင်ပင်ကြလေ၏။ တဲနား ကြက်ခွပ်လက်ပေးခြင်း အလုပ်သည် ထိုအလုပ်ပင်ဖြစ်လေ၏။ တိုင်ပင်ခြင်းအလုပ်မှာ တစ်နေ့ခင်းလုံး ကြာလေ၏။

ထိုညအခါ ဆယ်နာရီအချိန်လောက်တွင် သာဝေ၏တဲ၌ ငါးယောက်သားတိုင်ပင်၍ပြီးလေ၏။ တိုင်ပင်စီမံ၍ ပြီးသောအခါဦးဘိုးမြင့်၏ အိမ်သို့သွားကြလေ၏။ ၎င်းတို့မှာ ဓားသေနတ်များနှင့် အခြားလက်နက်များပါရှိကြလေ၏။

ငှက်ကြီးတောင်ဓား တစ်လက်လည်းပါလေ၏။ ၎င်းဓားသည်ကား သာဝေ၏အိမ်၌ အမြဲဆောင်သောဓားဖြစ်လေ၏။

ဦးဘိုးမြင့်၏အိမ်မှာ လသာမီးအိမ် ထိန်ယိန်လင်းလျက် ရှိနေလေ၏။ အိမ်ရှေ့၌ မိန်းမလေးငါးယောက် ဦးဘိုးမြင့်တို့နှင့်ထိုင်ကာ စကားပြော၍ နေကြလေ၏။

စံကူးနှင့် ဘိုးထိုက်သည် အိမ်ရှေ့လမ်းမှောင်ရိပ်တစ်ခုမှာ နေရစ်ကြလေ၏။ ဘိုးထီး၊ သာဝေ၊ ဘိုးနှစ်တို့သည် အိမ်ကိုဝင်ကြ၏။ ဘိုးနှစ်က ခြောက်လုံးပြူးကိုကိုင်ကာ ဝင်သွားပြီး

"ငြိမ်ငြိမ်နေကြပါခင်ဗျားတို့ကို ဘာမှမလုပ်ပါဘူး"ဟု ပြောလေ၏။

mgyoe.com



မိန်းမ ယောကျ်ားများသည် ဘိုးနှစ်ကိုကြည့်ကာ ကြက်သေသေလျက် နေကြလေ၏။

"မထကြနဲ့နော်၊ထရင်ဘေးပေါက်လိမ့်မယ်" ဟု ပြောပြီး "ဦးဘိုးမြင့် မရှိဘူးလား" ဟု မေးလိုက်လေ၏။

"ရှိပါတယ်မောင်" ဟု ဦးဘိုးမြင့်ကိုယ်တိုင် ပြန်၍ပြောလေ၏။

ဘိုးထီးသည် ဦးဘိုးမြင့်အား လက်ပြန်ကြိုးတည်းလေ၏။ အမယ်ကြီးနှင့် မသိန်းကိုလည်း ထို့အတူ နှောင်ကြိုးတည်းကြလေ၏။ ထိုအတွင်း

mgyoe.com


သာဝေသည် ငှက်ကြီးတောင်ဓားကိုထုတ်ကာ ဝင့်ပြီး ဓားနှင့်မိုး၍ထားလေ၏။

ထိုနောက် "ဘုရားအစ်မကြီး သော့ကလေးတစ်ဆိတ် သနားပါခင်ဗျာ" ဟု ဘိုးထီးက ပြောလေ၏။

ထိုအတွင်း စံကူးနှင့် ဘိုးထိုက်ဝင်၍လာကြပြီး သော့များကိုယူ၍ အိမ်ပေါ်၌ တောင်မြောက်လေးပါး ကြည့်လေရာ မီးအာမခံသေတ္တာကြီးကို တွေ့သဖြင့် ဖွင့်ကြလေ၏။ သေတ္တာထဲမှ ယူစရာရှိသမျှယူပြီး မသိန်းကို ဘိုးနှစ်က "ဘာမှမကြောက်နဲ့ လိုက်ခဲ့"ဟု ပြော၍ခေါ်လေ၏။

ရွာအပြင်သို့ရောက်ကြသောအခါ ရွာသားများသည် စုရုံး၍ လိုက်လာကြလေ၏။ ဘိုးနှစ်တို့သည်ကား လိုက်လာသူအတော်များသည်ကို အရေးမစိုက်ဘဲ သွားကြလေ၏။

ထိုရွာသားများအထဲ၌ ပုလိပ်များ ပါလာကြလေ၏။ သို့သော်လည်း ပုလိပ်များသည် တစ်စုံတစ်ရာမလုပ်။ ပစ်ခတ်ခြင်းကိုလည်း မပြုနိုင်ကြပေ။ ဘိုးနှစ်သည် အံ့အားသင့်လျက် စဉ်းစား၍သွားလေ၏။ ညအချိန်မှောင်လျက်နေလေရာ မည်သူမည်ဝါဟူ၍ ပစ်ရန်ခက်ခဲသဖြင့် မပစ်ဘဲ လိုက်ကြဟန်တူလေ၏။ သို့တည်းမဟုတ် ဓားပြလူဆိုးများကို အရှင်ဖမ်းဖို့ ကြံကြသည်ဟူ၍လည်း တွေးဖွယ်ရာရှိလေသည်။

ဘိုးနှစ်သည် မသိန်းကို မိမိအလိုသို့လိုက်ရန် နှုးလေ၏။ သို့သော်လည်း မသိန်းက မိမိမှာရည်းစားရှိကြောင်း ပြော၍ပြလေ၏။

ရည်းစားဟာ ဘယ်သူလဲဟု ဘိုးနှစ်က မေးရာ မသိန်းက ရာဇဝတ်အုပ်ကိုဘိုးသစ်ဖြစ်ကြောင်း ပြော၍ပြလေ၏။ ထိုအခါ ဘိုးနှစ်သည် ဆက်လက်၍ တိုက်တွန်းသွေးဆောင်ခြင်းမပြုတော့ပေ။ သာဝေနှင့်ဘိုးထီးအား မသိန်းကို ကြည့်ရှုစောင့်ရှောက်ရန်မှာပြီး ရှေ့ဆောင်၍ ထွက်သွားလေ၏။

ရွာသားများကား လူဆိုးများ၏ နေရာကိုသိရန် အစုအဝေးနှင့် လိုက်လျက်ပင်။ ရွာသားများနှင့် ဘိုးနှစ်တို့လူစုမှာ တစ်ခေါ်ခန့်ကွာကြလေ၏။ တစ်ညလုံးမရပ်မနား သွားကြလေ၏။ လူအားနှင့်ဖိ၍ လိုက်ကြသော်

mgyoe.com

လည်း မိမိတို့မှာ သေနတ်မပါမရှိ၊ လူဆိုးများမှာ သေနတ်ခြောက်လုံးပြူး များပါရှိကြောင်းကို သိသဖြင့် လွန်စွာအတင့်မရဲဝံ့ကြပေ။ ရွာသားများ အထဲတွင် ပုလိပ်အနည်းငယ်ပါသော်လည်း ပတ်တရောင်ပုလိပ်များ ဖြစ်ရာ နံပါတ်တုတ်များသာ ပါရှိကြလေ၏။

ထိုအတွင်း မြင်းနှင့် ပုလိပ်ခြောက်ယောက် သေနတ်များနှင့် လာကြလေ၏။

ဘိုးနှစ်သည် မိမိ၏အဖော်များနှင့်အတူ တောင်ခြေသို့ကပ်လေရာ ပုလိပ်ဘက်က သေနတ်နှင့်စ၍ပစ်လေ၏။ လူဆိုးများသည် ပြေးလွှား ရှောင်တိမ်းနေရာ ဘိုးထီးနှင့်မသိန်း အဘယ်ကိုသွားသည် အဘယ်မှာ ပုန်းလျှိုးခိုအောင်းနေသည်ကို ကြည့်ကြလေ၏။

အဘယ်မျှလောက် ဆိုးသွမ်းသောအလုပ်ကို လုပ်လျက်ရှိစေကာ မူ မိန်းမယောကျ်ားတို့၌ရှိသော ဓမ္မတာစိတ်ရင်းသည် ရေစက်ဆုံသည့်အခါ ပေါ်ပေါက်ရမြဲ ဖြစ်သည့်အတိုင်း ထိုဓမ္မတာစိတ်ရင်းသည် ဘိုးနှစ်မှာပေါ်၍နေ၏။ ဘိုးနှစ်မှာမသိန်းကို တစ်မျိုးတစ်မည်အကြံနှင့် ခေါ်ဆောင်ခဲ့သော်လည်း မြင်လျှင်မြင်ချင်း တစ်စတစ်စ တိုးခဲ့သောအချစ်သည် ထိုအကြံကို ပိတ်ပင်တားဆီးရုံမျှမက မသိန်းအတွက် ကြောင့်ကြပူပန်ခြင်း၊ စိုးရိမ်ခြင်း ပင် ဖြစ်စပြုလေ၏။

ဘိုးထီးအား ယုံကြည်အပ်နှင်းခြင်းပြုသည်မှာ ဘိုးထီး၏စိတ်ကို သိခြင်းကြောင့်ဖြစ်လေ၏။ ဘိုးထီးသစ္စာရှိကြောင်းကို အထက်ထက်က ကြားဖူး၏။ ယခုတွေ့ရာ၌လည်း အပြောအဆို အမူအရာကိုမြင်သဖြင့် စိတ်ချယုံကြည်လေ၏။

ဘိုးထီးသည် ကျောက်ဆောင်ကြီးတစ်ခု၏အကွယ်၌ မသိန်းအား လုံခြုံစွာထားပြီး ဘိုးနှစ်ထံပြေးလေရာ ဘိုးနှစ်က "မသိန်းဘယ်မှာလဲ"ဟု မေးလေ၏။

ဘိုးထီးက မသိန်း၏နေရာကို ပြော၍ပြလေ၏။

ထိုအတွင်း ပုလိပ်များက သေနတ်ဖောက်ပြန်လေ၏။

mgyoe.com

mgyoe.com


ဘိုးနှစ်ကလည်းပြန်၍ပစ်လေ၏။ ပုလိပ်ကား ရာဇဝတ်အုပ်ဘိုးသစ်ဖြစ်လေ၏။ သို့ဖြစ်လေရာ မှန်အောင်မပစ်ပေ။ ဘိုးနှစ်ကလည်း ဘိုးသစ်ဖြစ်ကြောင်း သိသဖြင့် လွဲချော်၍ပစ်လေ၏။ ဘိုးသစ်ကလည်း ထို့အတူပင်ပစ်လေ၏။ နောက်ဘိုးနှစ်၏နောက်နားမှ အခြားတစ်ယောက်ပစ်လိုက်သောကျည်ဆန်မှာ ဘိုးသစ်၏ပေါင်ကို ထိမှန်လေ၏။ ထိုအခါ ဘိုးသစ်၏စိတ်၌ ဒီအကောင် ငါ့ကိုတောင်ပစ်သည်ဟု အောက်မေ့ကာ ဘိုးနှစ်ကိုပစ်လိုက်ရာ ဝမ်းဗိုက်ကိုထိမှန်၍ ဘိုးနှစ်လဲကျသွားလေ၏။ ထိုအခါမှဘိုးသစ်မှာ အဟုတ်တကယ် ညီဘိုးနှစ်ကို သနား၍သွားလေ၏။

ဘိုးနှစ်သည် မိမိ၏လူများအား မပစ်မခတ်ရအောင် တား၍ထားလေ၏။ ဘိုးထီးသည် ဘိုးနှစ်ကို ပွေ့၍ထားလေ၏။

ဘိုးသစ်လည်း ညီဖြစ်သူထံ ပြေး၍သွားပြီး ပွေ့လေ၏။ ဘိုးထီးသည်လည်း တူ၍ပွေ့ယူပြီး မသိန်းကို မိမိထားခဲ့သောနေရာသို့ တွဲ၍သွားလေ၏။ ဘိုးသစ်သည် ထိုနေရာသို့ ဘိုးနှစ်နှင့်အတူ ရောက်၍သွားလေရာမသိန်းနှင့်တွေ့ရလေ၏။ ဘိုးသစ်သည် မသိန်းနှင့်ဘိုးနှစ်တို့၏ မျက်နှာကိုကြည့်လေ၏။ ဘိုးနှစ်၏မျက်နှာသည် မသိန်းအား စိမ်းစိမ်းလဲ့လဲ့ကြည့်သည်ကို ဘိုးသစ်မြင်ရသောအခါ

"ခွေးမသား၊ နင် ငါ့စကားကို နားမထောင်လို့ ဒီလိုဖြစ်ရတာ၊ ငါ့ကိုတမင်ဒုက္ခပေးတဲ့ကောင်၊ ငါမှန်းကို အခုထက်ထိ မသိဘူးလား၊ နင် ဘာလို့မသေသေးသလဲ၊ သေပါတော့လား" စသည်ဖြင့် ဆဲဆိုကြိမ်းမောင်းပြီး ဘိုးနှစ်၏ မျက်နှာကိုလက်သီးနှင့် တအားထိုးလေ၏။

"အစ်ကို ကျွန်တော့်ကို ဘယ်ဟုန်းကမှ ဒီလိုမလုပ်ဘူး၊ အစ်ကိုသတ်ရင်လည်း ကျွန်တော် သေဝံ့ပါတယ် အစ်ကိုရယ်၊ အစ်ကို ဘာကြောင့်ဒီလိုလုပ်တယ်ဆိုတာ ကျွန်တော်သိပါတယ်" ဟု မျက်ရည်တွေလျှံလျက်ပြောလေ၏။

"နင် မဟုတ်ဘူးလား၊ နင်တို့နှစ်ယောက်စလုံး ငါသတ်မယ်" ဟုပြောပြီး ဒေါသနှင့်ဘိုးနှစ်မျက်နှာကို ထိုးကြိတ်ပြန်လေ၏။

mgyoe.com

mgyoe.com

ဘိုးထီးသည် ဘိုးနှစ်ကိုမကျအောင်ပွေ့၍ထားပြီး ဘိုးနှစ်၏မျက်နှာကို မိမိကိုယ်နှင့်ကွယ်ကာလျက်

"သတိထားပါ ဆရာရယ်၊ ဆရာအထင်မှားနေတာပဲ၊ ကျွန်တော် တစ်ယောက်လုံး ရှိပါသေးတယ်။ ကျွန်တော် အစကအဆုံးတိုင် သိပါတယ်၊ ဆရာအထင်လွဲတာပဲ"ဟု ပြောခိုက်တွင် ဘိုးနှစ်၏ဦးခေါင်းသည် ငိုက်ဆိုက်ကျလျက် သတိလစ်၍ သွားလေ၏။

ဘိုးထီးနှင့် သာဝေက

"ကိုဘိုးနှစ် ... ကိုဘိုးနှစ် ... သတိထား၊ သတိထား" ဟုပြောကာ ဖေးမကြလေ၏။ သို့သော်လည်း စမ်းဗိုက်မှ ဒဏ်ရာကြောင့် မချိမဆံ့ နာကျင်၍နေရာတွင် မျက်နှာကိုပြင်းထန်စွာ အထိုးအကြိတ်ခံရလေရာ ပြန်၍သတိမရဘဲ အတန်ကြာစွာ နေလေတော့၏။ နောက် သတိရ၍လာသော အခါ

"အစ်ကို ... အစ်ကို" ဟုခေါ်၍ "ကျွန်တော် အစ်ကိုလုပ်တာအတွက် မနာပါဘူး အစ်ကိုရယ်၊ ကျွန်တော် အထင်လွဲခံရတာအတွက် ဝမ်းနည်းတာပါပဲ၊ သို့သော်လည်း ကျွန်တော့်ကံပါ အစ်ကို၊ ကျွန်တော် သွားတော့မယ်၊ အစ်ကိုသာ ပျော်ပျော်နေပါတော့၊ ကျွန်တော်လည်း မနေသင့်ယှက်တော့ပါဘူး" ဟု ပြောကာနောက်ဆုံး အသက်ကိုရှူပြီး ဘိုးထီး၏ ပခုံးပေါ်တွင် မျက်နှာကိုချကာ ငြိမ်သက်၍ သွားလေတော့သတည်း။

ထိုအခါတွင်လည်း ဘိုးသစ်သည်

"အမယ်လေး ... ညီလေးရဲ့ အစ်ကိုမှားမိတာပါပဲ၊ အစ်ကိုမှားရက်လေခြင်း" ဟု ပြောကာ ညီကိုဖက်၍ ငိုရှာလေသတည်း။

၁၉၃၉ ခုနှစ်၊ ဇွန်၊ မြန်မာ့အလင်း ၁/၉

□

mgyoe.com

mgyoe.com 



# မင်းလောင်းနှစ်ယောက်

ကထွန်းသည် ညနေစောင်းအချိန် ရန်ကုန်မြို့ ဆူးလေဘုရား ပန်းခြံထဲ၌ ခုံတန်းလျားနောက်ကိုမှီကာ တပေါင်းလ မိုးပြာပြာကြီးကို ကြည့်လျက်နေလေ၏။ ၎င်း၏ နားသည်ကား ထပ်ကာထပ်ကာ ကျော့၍ထိုးသော ဖြည်းညင်းသည့် ကုလားတယောထိုးသံကို နားစိုက်ကာ နားထောင်၍နေလေ၏။ ၎င်း၏စိတ်သည်ကား မော်လမြိုင်မြို့ တောင်အစောင်း၌ ရှိသော ခင်လေး၏ အိမ်သို့ရောက်၍နေလေ၏။

သို့ရောက်၍နေရာ ငယ်စဉ်က အဖြစ်အပျက်များကို ပြန်၍ထင်မြင်လေ၏။ ထိုအဖြစ်အပျက်များသည်ကား ငယ်စဉ်အခါက ခင်လေးနှင့်အတူ မယ်သီလရင်ကျောင်းမှာနေခဲ့ရပုံ၊ စာသင်ကျောင်း၌ တစ်တန်းတည်းနေရသဖြင့် ခင်လေးအား ဂဏန်းသင်္ချာများကို လက်ရေးစာအုပ်၌ တွက်ချက်သင်ပြရပုံ။ သို့တွက်ချက်သင်ပြရင်း ခင်လေး၏လက်ရေးစာအုပ်၌ ခဲတံနှင့်ခြစ်ရာ ခင်လေးက ဘာဖြစ်လို့ခြစ်ရသလဲဟု မေးသည်တွင် ချစ်လို့ခြစ်တာဟုအမှတ်တမဲ့ ပြန်၍ပြောလိုက်သဖြင့် သတိရကာ ထိတ်လန့်ပြီး မော့ကြည့်လိုက်ရာ ဆရာမက ကြိမ်လုံးနှင့်ထိပ်ကိုချပြီး မတ်တတ်အထ ခိုင်းသဖြင့် သရော်နေပုံ၊ ခင်လေးကကောင်းတယ်ဟု ပြောလိုက်သောအခါ မိမိနှင့်ခင်လေးရန်ဖြစ်ကြပုံ၊ ခင်လေးနှင့်အတူ ဇြေးလွှားကစားရင်း နှစ်ကိုယ် တည်း

mgyoe.com

mgyoe.com

စိတ်ငြိမ်ရာမှာ တွေ့ကြသဖြင့် တကယ့်အချစ်စကားများကို ပြော၍ နေကြပုံ စသည်များကို အဆုံးမရှိ လျှောက်၍တွေးတောလေ၏။ ကုလား တယောသံသည်ကား တေးအပိုဒ်တိုကလေးကို ကျော့ကာ ကျော့ကာ အသစ်ထပ်ထိုး၍ နေလေသည်မှာလည်း အဆုံးမရှိတော့ဟု ထင်မြင်ရလေ ၏။ မိမိထိုင်နေသော နေရာအနောက်ဘက်၌ရှိသော သစ်ပင်အရိပ်သည် တဖြည်းဖြည်း မိမိ၏ဦးခေါင်းပေါ်သို့ ကျ၍လာလေ၏။ မြောက်ဘက်မှ လာသော ညင်းလေပြည်သည်လည်း နဖူးကို ပန်ကာနှင့်ယပ်သလိုယပ် လေ၏။ သို့ဖြစ်လေရာ တွေးထင်၍ကောင်းတိုင်း မှိန်းလျက် တွေး၍သာနေ လေ၏။ ခင်လေး မော်လမြိုင်မှာ ရှိသေးရဲ့လားဟူ၍ စဉ်းစားမိလေ၏။ မော်လမြိုင်မှာ ရှိသေးလျှင် ယခုလာမယ့်တန်ခူးလမှာ အလုပ်မှာ အခွင့်ခံ၍ သွားမည် ရိုးဂိုးကို ထမင်းမြိန်စားသွားမည်ဟူ၍လည်း ကြံစည်မိလေ၏။ မော်လမြိုင်၌ သင်္ကြန်ရေလောင်းကြပုံကိုလည်းကောင်း၊ လွန်ခဲ့သောနှစ်က မုပွန်၌ ခင်လေးနှင့် အုန်းထမင်းဝယ်စားကြပုံများကိုလည်းကောင်း ပြန်လှန် တွေးတော ထင်မြင်လေ၏။

သို့ထင်မြင်၍နေခိုက်တွင် ခြေသံကို ကြားရလေ၏။ ထိုခြေသံကြား ရာဘက်ကို ကြည့်လိုက်သောအခါ မိမိနှင့်ရွယ်တူခန့် ယောကျ်ားပျို တစ်ယောက် မိမိကိုကြည့်လျက် လျှောက်၍လာသည့်ကို တွေ့ရလေ၏။ ထိုသူ၏မျက်လုံးများသည် မိမိကို စူးစိုက်လျက်ကြည့်ကာ မိမိအား ခေါ်ချင် သလိုလို တစ်စုံတစ်ရာမေးချင်သလိုလို လက္ခဏာရှိသည်ကို သိရလေ၏။ ထိုသူသည် အပါးသို့ရောက်၍လာသောအခါ

“အိုင်ဆေးဘထွန်း၊မင်းရန်ကုန်မှာနေသလား၊ ငါမနည်းကြီးကြည့်မှ မင်းကို မှတ်မိတယ်” ဟု ပြောကာ ဘထွန်း၏ ပခုံးကိုကိုင်လျက် အနားမှာ ထိုင်လေ၏။

ဘထွန်းသည်ကား ၎င်းကို မည်သူမည်ဝါဖြစ်သည်ဟု သတိမရ သဖြင့် အတန်ငယ် ရီးတီးယားတား ဖြစ်၍နေပြီးမှ .

“ငါ ရန်ကုန်မှာပေါ့ကွဲ့၊ ရန်ကုန်မြို့က ငါ့မြို့ပဲ၊ မင်း ဘယ်ကလာ

mgyoe.com

mgyoe.com


သလဲ" ဟု သိဟန်ဆောင်လျက် ပြန်၍မေးလေ၏။ ၎င်း၏ မျက်နှာကို ဘထွန်းသည် အကျွမ်းဝင်သော မျက်နှာဟူ၍ သိလေ၏။ သို့သော်လည်း အဘယ်မှာသိသည်၊ မည်သူဖြစ်သည်ကို စဉ်းစား၍မရပေ။

"မင်း ငါ့ကို ကောင်းကောင်း မမှတ်မိဘူးထင်ပါရဲ့၊ စိန်ပက်ထရစ်မှာ မင်းနဲ့ငါ အတူတူနေတယ်မဟုတ်လား၊ ဘိုးစောလေ မှတ်မိသလား" ဟု မျက်နှာချင်းကပ်ကာ ကြည့်လျက် ပြောလေ၏။

ထိုအခါကျမှ မိမိနှင့် ပျော်ပျော်ရွှင်ရွှင် လည်ပတ်သွားလာခဲ့ဖူးသော သူငယ်ချင်း ဘိုးစောဖြစ်ကြောင်းကို မှတ်မိလေ၏။

"ငါ ကောလိပ်ကိုရောက်နေတာ တစ်နှစ်ရှိပြီ၊ အိုင်အေမှာ ရှိသေးတယ်။ ခုလာမယ့် ကျောင်းပိတ်ရက်အတွင်းမှာ မော်လမြိုင်ကို ပြန်မလို့၊ ဘယ်ပုံပြန်ရမယ်ဆိုတာ မသိတာနဲ့ ဟိုဟိုသည်သည် လည်ပတ်ရင်း အကြံယူနေတယ်၊ ငါ့ဖားသားနဲ့ မားသား မရှိတော့ဘူး သေကုန်ပြီ၊ ကျောင်းလခကို ငါ့အစ်မကထောက်ထားတယ်၊ အစ်မမှာလည်းပဲ သိပ်ပြီးမချမ်းသာဘူး၊ ဒါကြောင့် ပြန်ဖို့စရိတ်မရှိဘူး"

ထွန်း။ ။ "ငါလည်း မော်လမြိုင်ကို သွားချင်တယ်၊ ခင်လေးတို့ဆီမရောက်တာ ကြာလှပြီ၊ မင်းလိုပဲ ငါ့မှာ ငွေကြေးအတွက် ကျပ်နေတယ်၊ ဒီအတွက် မင်းမသွားရဘူး၊ ခင်လေးတို့ မော်လမြိုင်မှာ ရှိသေးရဲ့လား"

"ရှိတာပေါ့၊ ရှိပေတဲ့ မင်းမှာ ငွေမရှိလို့ မသွားနိုင်ရင် ဘယ့်နှယ်လုပ်မလဲ၊ ငါ့မှာလည်း မရှိဘူး"

---

ထိုအတွင်း အသက်ခြောက်ဆယ်ခန့်ရှိသော ဖြူစင်သန့်ရှင်းသော ယောက်ျားကြီးတစ်ယောက်သည် ဝတ်ဖြူစင်ကြယ်နှင့် ရောက်၍လာပြီး ၎င်းတို့ကို ကျောခိုင်းလျက် ရပ်၍နေလေ၏။ ဘထွန်းနှင့် ဘိုးစောသည် မတ်တတ်ရပ်ကာ "ဘကြီး ထိုင်ပါလား" ဟု နောက်နားမှာကပ်၍ ပြောကြလေ၏။ ထိုလူကြီးသည် ၎င်းတို့ကိုလှည့်၍ကြည့်ကာ "ဘကြီး ရေတော်လိုက်တာကွယ်"ဟု ပြော၍ပြီး ခုံတန်းလျားပေါ်မှာ ထိုင်လေ၏။

ဘထွန်းသည် ထမင်းဆိုင်သို့ အမြန်သွားပြီး ရေခဲရေတစ်ခွက်ကို ယူ၍

mgyoe.com

mgyoe.com

အဘိုးကြီးအားပေးလေ၏။ အဘိုးကြီးသည် ရေကိုအားရပါးရ သောက်ပြီး

"မောင်ရင်တို့ ဘာတိုင်ပင်နေကြသလဲ၊ ခရီးသွားဖို့လာဖို့ တိုင်ပင်နေတယ်မဟုတ်လား"ဟု မေးလေ၏။

"ဟုတ်ကဲ့ ကျွန်တော်တို့ မော်လမြိုင်ကို သွားမယ်လို့ တိုင်ပင်နေကြပါတယ်"

"မင်းတို့ ငွေကြေးလိုနေတယ်မဟုတ်လား" ဟု မေးပြန်လေ၏။ ထိုအခါ သူငယ်ချင်းနှစ်ယောက်သည် အံ့ဩလျက် ဝိဇ္ဇာဇော်ဂျီလား၊ ငါတို့ကို မစရန်လာတဲ့ ရက္ခစိုးနတ်များလားဟု တွေးကာ

"ဟုတ်တယ် ဘကြီးရဲ့၊ ဘကြီးရဲ့သိတတ်တဲ့ ဉာဏ်ရှိရင် ငွေကို ရအောင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့နည်းလမ်းကိုလည်း သိမှာပဲ၊ ကျွန်တော်တို့ကို ငွေရလမ်းကိုပြရင် ဘကြီးကျေးဇူးကို တစ်သက်လုံး မမေ့ရပါဘူး"ဟု ပြောကြလေ၏။

"ငွေရတာ ဘာခက်သလဲကွဲ့၊ ငွေတင်မက လိုရာရ နည်းလမ်းတွေလည်း ရှိပါကွယ်"

"ရှိရင် ကျွန်တော်တို့ကို ပေးသနားပါ ဘကြီးရယ်"ဟု ဘထွန်းက ပြောလေ၏။

"မောင် ဘကြီးကို ရေတစ်ခွက်ပေးတဲ့အတွက် ကျေးဇူးဆပ်ရတာပေါ့"ဟု ပြောပြီး တစ်စုံတစ်ရာ ကုန်း၍ကောက်လေ၏။ သို့ ကုန်း၍ကောက်ပြီး လက်ဖြန့်ဟု ပြောလေ၏။ ဘထွန်းက လက်ကိုဖြန့်လေ၏။ ထိုလက်ထဲသို့ အဘိုးကြီးသည် ဆီးစေ့လေးတစ်စေ့ကိုထည့်ပြီး

"အဲဒီအစေ့အပင်ပေါက်ရင်ထွက်တဲ့အရွက်ဖြစ်စေ၊ အညှောက်ဖြစ် စေ ပါးစပ်ထဲငုံပြီး မြင်းအနီထောင်စသည့် ကစားနည်းမျိုးမှာ ပါဝင်ကစား ရင် အမြဲနိုင်လိမ့်မည်"ဟု ပြောပြီး "ကိုင်း ... ဘကြီးလည်း အမောပြေ သွားပြီ၊ ကိစ္စရှိသေးတယ်"ဟု ပြော၍ ထွက်သွားလေ၏။

ဘထွန်းသည် မိမိ၏သူငယ်ချင်းနှင့်အတူ ဆီးစေ့ကိုကြည့်ကာ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် တိုင်ပင်လျက် နေရစ်ကြလေ၏။

mgyoe.com

mgyoe.com

"ဒီဆီးစေ့ဟာ အင်မတန်မာတာပဲ၊ တော်တော်အပင်ဖြစ်မှာမဟုတ်ဘူး" ဟု ဘိုးစောက ပြောလေ၏။

"ဒီလို လက်ထဲကိုင်ထားလို့ကတော့ ဘယ်မှာအပင်ဖြစ်မလဲ၊ အပင်ဖြစ်အောင် မြေကြီးထဲမှာ စိုက်မှာပေါ့"ဟု ဘထွန်းက ပြောလေ၏။

၎င်းနောက် တစ်ယောက်နေရာကိုတစ်ယောက်ပြောကြလျက် အိမ်သို့ပြန်ကြလေ၏။ ဘထွန်းသည်ကား ဆီးစေ့ကို နာရီအိတ်၌ထည့်၍ပြန်လေ၏။ အိမ်သို့ရောက်သောအခါ ဆီးစေ့ကို ပန်းအိုးထဲ၌ထည့်၍ ရေလောင်းပေးလေ၏။ နံနက်မိုးလင်းသောအခါ ဆီးစေ့သည် အစို့အညှောက်ကလေးများနှင့်ဝေနေလေ၏။ ထိုအခါ ဘထွန်းသည် လွန်စွာအံ့ဩလျက် အဘိုးကြီးပြောသောစကားမှန်သောကြောင့်သာ ဤကဲ့သို့ လျှင်မြန်စွာပေါက်သည်ဟု တွေးမိလေ၏။ ထိုအခါ အဘိုးကြီးပြောသော စကားမှန်ကြောင်းကိုသိရန် ဖဲတစ်ထုပ်ကိုပြေး၍ဝယ်လေ၏။ အရွက်တစ်ခုကို ခံတွင်းမှာငုံလျက် အိမ်နီးပါးချင်းများကိုခေါ်လျက် ကိုးမီးကစားလေ၏။ ပထမတစ်လက်ကစားရာ၌ ဘထွန်းနှင့်ရင်ဆိုင်ထိုင်၍ နေသောသူသည် ကုလားသုံးစီးရလေ၏။ ဘထွန်း၏ဖဲကိုလှန်လိုက်သောအခါ တစ်သုံးလုံးဖြစ်၍နေလေ၏။ နောက်တစ်ကြိမ် ပြန်၍ကစားသောအခါ အခြားအကောင်းဆုံး ဖဲရသူတစ်ယောက်ထက် တစ်ပွင့်သာရုံကလေးမျှနှင့် ဘထွန်းကနိုင်လေသည်။ ထိုကဲ့သို့ ဆယ့်နှစ်လကလောက် ကစားရာ ဆယ့်နှစ်ပွဲစလုံး ဘထွန်းသာနိုင်လေ၏။ စောန်ဒိ၌ထိုအဘိုးကြီးသည် ဝိဇ္ဇာသော်လည်းကောင်း၊ နတ်သော်လည်းကောင်း ဖြစ်ရမည်ဟု ယုံကြည်လေ၏။

ထိုအတွင်း ဘိုးစော ရောက်၍လာလေ၏။

"အိုင်ဆေး ဘိုးစော၊ မွှန်တေကာလိုကိုသွားပြီး ဘရိတ်ထန်းလုပ်ဖို့သာ ပြင်ပေတော့၊ ငါတို့တော့ ဇော်ဂျီနဲ့တွေ့တာပဲ၊ ကမ္ဘာကိုလေယာဉ်ပျံနဲ့လှည့်ပြီး စည်းစိမ်နဲ့ကစားဖို့သာပြင်ပေတော့၊ ငါတို့တော့ သိကြားမတာပဲ အနီးရှိလူများက အံ့အားသင့်လျက် နေကြလေ၏။

"မင်း ဘယ်နှစ်လက်နိုင်သလဲ"ဟု ဘိုးစောက မေးလေ၏။

mgyoe.com

အနီးရှိလူများက

"ပွဲတိုင်းနိုင်နေတာပါပဲမိတ်ဆွေ"

"ဘယ့်နှယ် မင်းဟာကမြန်လှချည့်ကလား"ဟုဘိုးစောကမေးလေ၏။

ထိုည၌ နှစ်ယောက်သား အနီထောင်ဝိုင်းသို့ သွားကြလေ၏။ နာရီဝက်အတွင်း ဒိုင်ကိုဖြုတ်ခဲ့ပြီး ဟိုတယ်များသို့သွားကြပြီး ထင်သလို သုံးကြလေ၏။ ထိုနောက် တက္ကစီတစ်စင်းကိုငှားပြီး မြို့ထဲသို့လှည့်လည် ကာ အသိမိတ်ဆွေရှိသမျှကို စုရုံးခေါ်ငင်ပြီးလျှင် ဟိုတယ်များကို လှည့် ရောက်၍ အကောင်းဆုံးသော ရှန်ပိန် ပိုင်အရက်များသည် ၎င်းတို့၏စားပွဲ မှ ချောင်းစီး၍ဆင်းကြလေ၏။ ဘထွန်း လုပ်ပုံကိုင်ပုံကို အသိမိတ်ဆွေ နှစ်ယောက် သုံးယောက်သည် သေချာစွာ မှတ်သားကြလေ၏။ ပန်းအိုးထဲက အပင်ကလေးက အရွက်ကို ဘထွန်းဆောင်ပြီး ငုံ၍ကစားသည်ကို မောင်လှဆိုသူက အမှတ်ထားမိလေ၏။ သို့အမှတ်ထားမိသမျှ ထိုအရွက်ကို ဘထွန်းနည်းတူ တိတ်တဆိတ်ခူးကာ ဘထွန်းနည်းတူ လောင်းကစားသဖြင့် ပိုက်ဆံကို ထင်သလိုရ၍နေလေ၏။ ၎င်းကား အနီထောင်ဝိုင်းမှ ပဒေသာပင်ကဲ့သို့ ငွေကိုသယ်၍သာနေလေ၏။ ဘထွန်းသိအောင်ကား မကစားပေ။ ဘထွန်းသည်ကား သိသိသာသာ အနီထောင်ဝိုင်းမှ အနိုင်မယူပေ။ မောင်လှသည်ကား နိုင်သလောက် အထပ်ထပ်သွား၍ ကစားလေရာ တရုတ်များသည် ၎င်းအား မသင်္ကာဖြစ်ကြလေ၏။

တစ်နေ့၌ကား မောင်လှသည် အနီထောင်ဝိုင်းကို တက်၍သွားပြီး ပြန်၍ဆင်းသည်ဟု မကြားရတော့ပေ။

ထိုအခါ ဘထွန်းသည် မောင်လှအကြောင်းကို ရိပ်မိလေ၏။ မောင်လှအဘယ်သို့ဖြစ်သည်ကို သိလေ၏။ ကြာကြာစားမည့်သွား အရိုးကြည့်ရှောင်ဟူသောစကားကို သတိရလျက် အထူးဂရုစိုက်လေ၏။

တစ်နေ့သ၌ ဘိုးစောက ဘထွန်းအား

"ဘယ့်နှယ်လဲဆရာ၊ မော်လမြိုင်ကို မသွားတော့ဘူးလား၊ ရတ်မာရာ သင်္ဘော နက်ဖြန်ကာ ထွက်လိမ့်မယ်" ဟု ပြောလေ၏။

mgyoe.com

 mgnoe.com 

ဘထွန်းက "အဘိုးကြီးက ဘာမဆို လိုရာရနိုင်တဲ့နည်းလမ်းလို့လည်း ပြောသွားတယ်၊ ငါတို့က လောဘတစ်ခုတည်းဘက်ကိုသာ လိုက်နေတယ်၊ သူပြောသလို ဖြစ်မလား စမ်းကြည့်ရအောင်" ဟု ပြောလေ၏။

"သူပြောတဲ့အတိုင်းဆိုရင် သင်္ဘောနဲ့တောင် သွားဖို့မလိုဘူး"

"ဘာနဲ့သွားမလဲ"

"လေယာဉ်ပျံနဲ့ သွားတာပေါ့"

"လေယာဉ်ပျံ ဘယ်ကရမလဲ"

"ကိုယ့်လေယာဉ်ပျံ ကိုယ်လုပ်တာပေါ့"

ထိုအခါ နံနက် ၈ နာရီခန့်ရှိလေ၏။ ဆီးပင်ကလေးကို သေးငယ်သော သံခွက်ကလေး၌ ပြောင်း၍စိုက်ပြီး ဘထွန်းသည် ထိုသံဘူးကို လွယ်အိတ်တစ်ခု၌ ထည့်လေ၏။ အရွက်များကို နှစ်ယောက်သား ငုံကြလေ၏။ နှစ်ယောက်သား ပက်လက်ကုလားထိုင်၌ ထိုင်ကြပြီးလျှင် မော်လမြိုင်ကို အာရုံပြုကြလေ၏။ ကုလားထိုင်သည် လေယာဉ်ပျံကဲ့သို့ မြောက်၍တက်ပြီး တစ်ဟုန်တည်း သွားကြလေ၏။ ဘိုးစောက ကြောက်ရွံ့သဖြင့် ခပ်နိမ့်နိမ့် ပျံကြရအောင်ဟု ဘထွန်းအားအော်၍ပြောသဖြင့် လူတစ်ရပ်သာသာမျှ မြင့်တက်၍သွားဖို့ရန် အာဏာကိုပေးရာ ထိုကဲ့သို့ နိမ့်နိမ့်မျှ ပျံသန်း၍သွားကြလေ၏။ ထိုအချင်းအရာကို လူများမြင်ကြသဖြင့် ဥက္ကောဒေယျ ဖြစ်ကြလျက် စုဝေးကြည့်ကြပြီး "မင်းလောင်းဟေ့ မင်းလောင်း" ဟု အော်ကြလေ၏။ တစ်နယ်လုံးရှိ ပုလိပ်တပ်များ ထွက်လာပြီး အရာရှိများသည် မင်းလောင်းဟူသောစကားကို ကြောက်ရွံ့ကြ၏။ သို့သော်လည်း ပုလိပ်များသည် ပါးစပ်နှင့်သာ တားမြစ်လျက် အရာရှိများကလည်း "ဟေး... လူနှစ်ယောက် ဒီလိုမလုပ်နဲ့၊ မင်းတို့ သေချင်သလား၊ မင်းတို့ကို သတ်ပစ်ရလိမ့်မယ်" ဟု အော်ကြလေ၏။

ဘထွန်းက "မင်းဘို့က ငါတို့ကိုသတ်မလား၊ ငါတို့က မင်းတို့ကို သတ်မှာလား" ဟု လက်ရုံးတန်းကာပြန်၍ပြောလေ၏။ ထိုအခါ စစ်ပုလိပ်တပ်တစ်စုသည် စက်သေနတ်များ၊ အမြောက်တပ်များယူ၍လာကြပြီး

mgnoe.com

ငှင်းတို့ကိုပစ်ရန် နေရာချထားကြလေ၏။ ဘိုးစောသည်ကား ကြောက်ရွံ့လှလေပြီ။ ဘထွန်းကား မိမိတို့မှာ ထိုမျှလောက်အစွမ်းကောင်းသူများ ဖြစ်ကြလေရာ ပုလိပ်၏လက်ချက်ဖြင့် သေနိုင်သူများမဟုတ်ဟု အောက်မေ့လျက် ရှေ့သို့မြန်မြန်ကြီးသွားဖို့ အမိန့်မပေးဘဲ နောက်သို့ပြန်၍လှည့်ကာ တဝဲလည်လည်နေလေ၏။ သို့နေခိုက်တွင် စစ်ပုလိပ်နှစ်ယောက်သည် တစ်ယောက်က ဘထွန်း၊ တစ်ယောက်က ဘိုးစောကိုချိန်၍ ပစ်မည့်ဟန်နှင့် ခြောက်လှန့်လေရာ ဘထွန်းကဘိုးစောကို မကြောက်ရအောင် အားပေးလျက် စစ်ပုလိပ်များထံသို့ ကုလားထိုင်များကိုစေခိုင်းလေရာ ကုလားထိုင်များသည် တစ်ဟုန်တည်း ဆောင့်မည့် တိုက်မည့်အလား တစ်ဟုန်တည်း သွားကြလေ၏။

လူအများတို့သည်ကား စကြာမင်းဖြစ်သည်။ ဗုဒ္ဓရာဇာဖြစ်သည်။ ငါတို့ကို ကျွန်တွင်းမှလွတ်မည့် မင်းလောင်းနှစ်ပါးဟူ၍ ကြွေးကြော်ကြလေ၏။ သမီးရတနာဆက်ချင်သူများကလည်း သမီးချောများကို ဘန်းတင်ကာ ပြကြလေ၏။ ဘထွန်းနှင့်ဘိုးစောသည်ကား မိမိတို့အစွမ်းပြရန်မှ တစ်ပါး မည်သည့်အရာကိုမျှမတွေးတောကြပေ။ စစ်သားများကို ကုလားထိုင်နှင့် တိုက်ဖို့ရန်သာ လိုက်၍နေကြလေ၏။ သို့လိုက်၍နေခိုက် တွင် စစ်ပုလိပ်နှစ်ယောက်၏ သေနတ်မှမီးဝင်းခနဲကောက်ပြီး တစ်ပြိုင်နက် အသံထွက်ကြလေ၏။ မင်းလောင်းနှစ်ပါးသည်လည်း ရှေ့ကျွမ်း နောက်ကျွမ်း အုန်းပင်စိုက်ဖြစ်ကာ ထိုးစိုက်၍ကျကြလေ၏။ အိပ်ပျော်သော ဘထွန်းမှာ ခုံတန်းလျားပေါ်မှ ပက်လက်လန်၍ကျလေ၏။ အကြောင်းမူကား ခုံတန်းလျားသည် နောက်နားမြောင်းနူတ်ခမ်း မခိုင်သော မြေပေါ်၌ ရှိနေလေရာ အိပ်၍ပျော်နေသော ဘထွန်း၏အလေးကြောင့် မခိုင်သော မြေပဲ့၍ကျလေရာ ခုံတန်းလျားသည် နောက်ကျွမ်းပြန်၍သွားလေ၏။ ဘထွန်းသည် သေနတ်မမှန်ရအောင် အမိန့်မပေးမိပေ။ ဩော် ... အချို့ ဗမာများဟာ ဒီလိုမင်းလောင်းနဲ့ တွေ့ဖို့ကို စောင့်မျှော်နေကြမှာပဲ ပါးစပ်မှ မြည်တမ်းလေ၏။

၁၉၃၉ ခုနှစ်၊ ဇူလိုင်၊ မြန်မာ့အလင်း ၁/၁၀

❑

mgyoe.com

mgyoe.com



# ဓားသမား

လမ်းအခွင့်သည် လူကောင်းကို သူခိုးဖြစ်စေနိုင်၏ဟု အင်္ဂလိပ်စကားတစ်ခုရှိလေသည်။ ဤစကားသည်ကား လွယ်ကူစွာရနိုင်လျှင် သူခိုးလူဆိုးများသာမဟုတ် လူကောင်းများလည်း ယူတတ်ကြသည်ဟု ဆိုလိုသောစကား ဖြစ်လေသည်။

ရောင်ဖြူသည် ဓားနှင့် အသက်မွေးသူဖြစ်သည်ဟု မိမိကိုယ်မိမိကျော်ကြားအောင်ပြုလေ၏။ လူအများကလည်း ထိုအကြွားကို ယုံကြည်ကြဟန်မရှိပေ။ ထိုအခါသည်ကား မွန်နှင့်မြန်မာ အရေးတော်ပုံများ ရှုပ်ထွေးများပြားသော အင်းဝပျက်ခေတ်အခါဖြစ်လေ၏။

၎င်းခေတ်အခါယမန္တိ ဓားရေး လှံရေးအရာ၌ အစွမ်းကောင်းသူတို့သည် ဗိုလ်ဖြစ်လျက် နောက်လိုက်နောက်ပါများနှင့် တန်ခိုးအာဏာ ဩဇာထွန်းတောက် လက်ရုံးရည်ပြောင်မြောက်ကြသဖြင့် လမ်းအခွင့်သင့်သည့်အခါ သေးငယ်သော နယ်ကလေးများတွင် ဘုရင်တစ်ဆူဖြစ်နိုင်သောခေတ်အခါသမယပေတည်း။ သို့ဖြစ်လေရာ ဓားရေးလှံရေး၊ ဆင်ရေးမြင်းရေး တတ်များကို လိုလားတတ်မြောက်အောင် ကြိုးစားသူများ လွန်စွာပေါ

mgyoe.com

mgyee.com

များကြလေ၏။ ထိုအတတ်များကို သူ့ထက်ငါသင်ပေးသော ဆရာများ လည်း အနယ်နယ် အရပ်ရပ်မှာရှိကြ၏။ တတ်မြောက်သော သူများသည် လည်း မိမိတို့၏အစွမ်းကိုပြရန် နေရာတိုင်းမှာအခါအခွင်သင့်သလောက် အစွမ်းကိုပြရန် ကြိုးစားကြလေ၏။ ထိုကဲ့သို့ တစ်စုံတစ်ယောက်က အစွမ်း ပြလိုသည့်အခါ ယှဉ်ပြိုင်၍မပြဝံ့သော သူများမှာ အရှက်တကွဲ အကျိုးနည်း ဖြစ်ကြရလေ၏။ အကြောင်းမူကား ထိုအခါသမယ၌ သူသူ ငါငါ ဓားရေး လှံရေးကို အနည်းအများ တတ်ကျွမ်းကြသည့်အပြင် သူရဲကောင်းအတတ် ကို လေ့ကျင့်သောခေတ် ဖြစ်သောကြောင့် ရဲရင့်သူများလည်း ပေါများကြ လေသည်။

ဂုဏ်တုဂုဏ်ပြိုင် တစ်ယောက်ထက် တစ်ယောက် သာအောင် သတ္တိ အစွမ် ပြိုင်ကြသည့်အခါ ထိုသတ္တိအစွမ်းကို ပြဖို့ရန် ရဲရင့်သောစိတ်သည် ပေါ်ပေါက်မြဲဖြစ်လေ၏။ ကျွန်ုပ်တို့ ယခုခေတ်အခါ၌ ဒိုင်ဗင်များ ထစဉ်က သူသူ ငါငါ ဒိုင်ဗင်ထိုးရာမှ ရဲစွမ်းသတ္တိ ရှိသကဲ့သို့တည်း။

အလားတူစွာ ထိုခေတ်အခါ၌လည်း ယခုအခါ ဉရောပတိုက်သား များ တစ်ယောက်နှင့်တစ်ယောက် မခံချင်စရာအရေးပေါ်ပေါက်သည့်အခါ မင်းနှင့်ငါ ဓားချင်းယှဉ်၍ ခုတ်မည်၊ သေနတ်ချင်းယှဉ်၍ပစ်မည်ဟူသော အလေ့သည် ထိုအခါကပင် ပေါ်ပေါက်ခဲ့ပြီးဖြစ်လေသည်။ ယခုမှသာ မသိ သူ အချို့က ဉရောပတိုင်းသားများသာ ထိုအစွမ်းသတ္တိရှိသည်ဟု မှတ်ထင် ကြလေသည်။ အထူးသဖြင့် မိန်းမများ၏ရှေ့ ချစ်သူရည်းစားများ၏ ရှေ့၌ ထိုအစွမ်းသတ္တိကို သာလွန်၍ပြတတ်ကြလေသည်။ မပြဝံ့သောသူများကား လူဖျင်း လူနုံဖြစ်ကာ သရော်ပြောင်လှောင်ခြင်းကို ခံရတတ်ကြလေသည်။

ရောင်ဖြူသည် ဓားတစ်လက်နှင့် အသက်မွေးသည်ဆိုရာ၌ ဓားလှံ အတတ်ကို ဉာဏ်ပူဇော်ခယူ၍ သင်ပြသောဆရာတစ်ယောက်ဖြစ်သည်ဟု ဆိုလိုလေ၏။ထိုအခါသမယ၌ရောင်ဖြူတစ်ယောက်သာရှိသည်မဟုတ်ပေ။ ၎င်းသည်ထိုအတတ်၌ အထူးကျွမ်းကျင်သူလည်း မဟုတ်ပေ။ ဗိုလ်လဘန်း ခေါ် မွန်လူစွမ်းကောင်းတစ်ယောက်၏ ကျေးဇူးကြောင့် ထိုအလုပ်ဖြင့်

mgyoe.com


အချောင်မလွယ် အသက်မွေး၍နေသူ ဖြစ်လေ၏။ ဗိုလ်လဘန်းသည်ကား ထိုအတတ်များ၌ အင်းဝပြည်တစ်ပြည်လုံးမှာလည်းကောင်း၊ ဟံသာဝတီ မွန်ပြည်နယ်မှာလည်းကောင်း ပြိုင်ဘက်မရှိသော လူစွမ်းကောင်း တစ်ယောက် ဖြစ်လေ၏။

ထိုအခါ ဗိုလ်လဘန်း၏နာမည်သည် လူဟူသမျှ နှုတ်ဖျား၌ရှိလေ၏။ ယောကျ်ားများ စုဝေး၍နေသော နေရာဟူသမျှ၌ ဗိုလ်လဘန်း၏ ထူးခြားသော အစွမ်းသတ္တိကို ပြောဆိုကြလေ၏။ အမှန်အတိုင်းလည်း ပြောကြ၏။ ကဲလွန်ပိုမို၍လည်း ပြောကြလေ၏။

ရောင်ဖြူသည် ဗိုလ်လဘန်း၏တပည့်ရင်းဖြစ်သည်ဟု ကြွားဝါပြောလေ့ရှိ၏။ စင်စစ်မှာသော်ကား ၎င်းသည် ဟံသာဝတီနယ်၌ ဓားရေး လှံရေးအတတ်ကို အတော်အတန် တတ်မြောက်သောသူများနှင့် အထက် ကျော်ကာရီက ပေါင်းသင်းခဲ့ရသဖြင့် ထိုအတတ်များကို အမြင်နှင့် အကြား သာသာ ရရှိခဲ့လေ၏။ ဗိုလ်လဘန်းကိုကား တစ်ကြိမ်တစ်ခါမျှ တွေ့ဖူးသူ မဟုတ်ပေ။ ထိုအခါ၌ မြန်မာများသည် ဗိုလ်လဘန်းကဲ့သို့ လူစွမ်းကောင်း ဖြစ်အောင် အားကျမခံ ကြိုးစား၍နေကြလေ၏။

ရောင်ဖြူသည် ဟံသာဝတီမှာနေစဉ် ထိုအတတ်များနှင့် ပတ်သက်၍ ဗဟုသုတ အမြင်အကြား အတော်ကလေးများသောအခါ အင်းဝပြည်၌ ထိုအတတ်များကို လွန်စွာလိုလားနေသည်ကို ကြားသိရသဖြင့် အင်းဝမြို့ အစွန်အနား ခြံတစ်ခု၌နေထိုင်ကာ တပည့်တပန်းများကို သင်ပြဟန်လုပ်၍နေလေ၏။ အတော်ကလေးနာမည်ရလေ၏။ ထိုနာမည်ကား အဟုတ် တကယ် ဓားစွမ်းလှံစွမ်းပြ၍ရသော နာမည်မဟုတ်။ ဗိုလ်လဘန်း၏ တပည့်ရင်းဟူ၍ မိမိကိုယ်ကို မရှက်မကြောက် ကြေညာထားခြင်းကြောင့် ဖြစ်လေ၏။

ဗိုလ်လဘန်း၏ အံ့ဖွယ်သော နာမည်အစွမ်းဖြင့် ရောင်ဖြူမှော်လင့်သည်ထက် ပိုမို၍အောင်မြင်လေ၏။ အနီးအပါးရှိ ယောကျ်ားပျိုကလေး များသည် ရှေးဦးပထမ ၎င်း၏ကျောင်းကို စိတ်အားထက်သန်စွာ ရောက်

mgyoe.com

လာကြလေ၏။ သို့သော်လည်း တဖြည်းဖြည်း ၎င်းအကြောင်းကို သိကြလေ၏။ သို့သိကြသောအခါ တပည့်များသည် ဆုတ်ယုတ်နည်းပါး အသွားအလာမရှိတော့ပေ။ ထိုအခါ ရောင်ဖြူသည် စားရေးလုံ့ရေး ဆရာ အဖြစ်မှ စားတုံးလုံ့ကျိုး ဆရာအဖြစ်သို့ အတိအလင်း အထင်အရှား မရောက်သော်လည်း လူငယ်များစုဝေးသည့်နေရာဟူသမျှတို့၌ စားတုံးလုံ့ကျိုးဆရာအဖြစ်သို့ ရောက်၍နေလေတော့၏။ ရောင်ဖြူမှာ ဆင်းရဲစပြုလေ၏။ အသွင်အပြင်အားဖြင့်လည်း စုတ်နုပ်၍လာလေ၏။

၎င်း၏အခြေအနေသည် အဆိုးဝါးဆုံးသော အခြေအနေသို့ ရောက်၍လာလေ၏။ ထိုအခါ လူကောင်းကို လူဆိုးဖြစ်စေနိုင်သည့် လမ်းအခွင့်တစ်ခုကို တွေ့ရှိရလေ၏။ သို့တွေ့ရှိခြင်းမှာ ကံအားလျော်စွာ တွေ့ရှိရခြင်းဖြစ်လေ၏။ တွေ့ရသောနေရာကား ဘိုးမင်းလှိုင် ထန်းရည်ဆိုင်ဖြစ်လေ၏။ ထန်းရည်ဆိုင်ဆိုသည်ကား ယခုကာလ ဆိုင်မျိုးကဲ့သို့ အတည်တကျဆိုင်မဟုတ်။ အသောက်အစားဝါသနာပါသူများ အားလပ်သည့်အခါ အပျင်းပြေလာရောက်ကာ ကွပ်ပျစ်နှစ်ခုအပေါ်၌ ထိုင်ကြလျက်သောက်ရင်းစားရင်း အာလာပသလ္လာပ ဆွေးနွေးခြင်း၊ မင်းစိတ်စိုးစိတ်ပေါက် သူတို့ကလည်း ဘိုင်းရေးပြည်ရေး စကားများကိုပြောဆိုရင်း စစ်တုရင်ထိုးခြင်းစသည်များကိုလုပ်သော တင်းကုပ်ကြီးနှင့် ဘိုးမင်းလှိုင်၏ အိမ်သားတစ်စုသီးခြားနေထိုင်သော၊ ဆက်လျက်ရှိသော နေရာကလေးတစ်ခုဖြစ်လေ၏။

ရောင်ဖြူသည် ညနေချမ်းအခါ ထိုဆိုင်သို့ လာပြီးလျှင် ကျောင်းစာရေးဘိုးအ၊ ဗိသုကာ မောင်နီး၊ အထည်သည် ဖဲရပ်တို့နှင့် ထန်းရည်ကိုမြည်းကာ အလှည့်ကျ စစ်တုရင်ထိုး၍ နေလေ့ရှိလေ၏။

မိုးဦးအခါ ညနေစောင်းအချိန်နေ့တစ်နေ့၌ သားနားစွာဝတ်ဆင်သောယောကျ်ားပျိုတစ်ယောက် ထိုဆိုင်သို့ရောက်၍လာလေ၏။ ထိုသူ့ဖခင်မှာ မင်းစိုးရာဇာများ ဖြစ်လေသလားဟု မှတ်ထင်လောက်အောင် တောက်ပြောင်လေ၏။ အလွန်ခက်ထန်သော အမူအရာလည်းရှိ၏။ ၎င်းသည် ဆေးကုန်သည်တစ်ယောက်၏ သားဖြစ်ရာမှ အမွေကလေးရသဖြင့် ကြွားဝင့်၍

mgyee.com

mgyoe.com

နေသူဖြစ်၏။ ၎င်းမှာ ဗဟုသုတ အကြားအမြင်များစွာမရှိ။ မင်းဆွေမင်းမျိုးတို့၏ နောက်လိုက်နောက်ပါ အပေါင်းအဖော်ဖြစ်ခဲ့လေ၏။ သို့ဖြစ်လေရာ မင်းစိတ်စိုးစိတ်ပေါက်လျက် မင်းစိုးတို့၏ အတုခိုးကာ မိမိကိုယ်ကိုလည်း မင်းစိုးအရာရှိဟု ထင်လေ၏။

၎င်းသည် ခုံခုံညားညားဆိုင်ထဲသို့ ဝင်၍လာလေ၏။ ရောင်ဖြူသည် ကျောင်းဖွင့်စအခါမှစ၍ လူကြီးလူကောင်းများနှင့် ပေါင်းသင်းခဲ့ရာ အဘယ်လိုလူသည် လူကြီးလူကောင်းဖြစ်သည်ကို မြင်ရုံနှင့်သိ၏။ လူစွမ်းလူစ လူရိုပ်လူကဲကိုလည်း အတော်အတန် ရိပ်မိလေသည်။

ထိုနေ့၌ ရောင်ဖြူသည် ငွေကြေး ပြတ်လပ်သဖြင့် များစွာအကျပ်တွေ့၍နေ၏။ ဂိုက်ဟန်ပါပါနှင့် ဝင်၍လာသော ထိုယောကျ်ားပျိုကို မြင်သောအခါ အလိုလိုဒေါသဖြစ်၍ နေတော့၏။ ယောကျ်ားပျို၏အမည်မှာ တိုးအောင်ဖြစ်လေ၏။

"ဟော့ ဒီနေရာမှာ ဘယ်သူမှလာပြီး ဗိုလ်လုပ်ရတဲ့နေရာမဟုတ်ဘူး၊ အေးအေးဆေးဆေး ပျော်ပျော်ပါးပါး လာပြီး စားသောက်ကြတဲ့နေရာ ဖြစ်တယ်"ဟု ရောင်ဖြူက ပြောလိုက်လေ၏။

တိုးအောင်။ ။ "ခင်ဗျား ကျုပ်ကိုပြောသလား"ဟု ရောင်ဖြူဘက်သို့ လှည့်၍ မေးလေ၏။

ရောင်ဖြူသည် မိမိ၏လက်၌ရှိသော နတ်ရုပ်ကို စစ်တုရင်ခုံပေါ်၌ ဆောင့်၍ချ၏။တိုးအောင်ကိုဦးခေါင်းမှခြေဖျားသို့တိုင်အောင်ကြည့်လေ၏။ ပါးသောနှုတ်ခမ်းများကို တင်းကျပ်စွာစိလေ၏။

"ငါ မင်းကို တစ်ကိုယ်လုံးမြင်ရပြီ၊ မင်းဟန်ပန်ဟာ မင့်ထက်ပိုပြီး ထင်ရှားတာကို ငါတွေ့ရတယ်"

ရောင်ဖြူသည် ကိုယ်ပေါက်ကိုယ်ရောက် မကြီးပေ။ ဟောင်းနွမ်းသော မဲပုဆိုးကိုဝတ်၏။ သို့သော်လည်း ၎င်းသည် အဘယ်လိုအစွမ်းရှိသည်ကို တိုးအောင်မရိပ်မိပေ။ တိုးအောင်သည် ရောင်ဖြူရှိရာသို့ စကားမပြောဘဲ တိုက်ရိုက်တူရူလာပြီး ဘာမပြော ညာမပြော နာရင်းကိုအုပ်ပြီး

mgyoe.com

"အဲဒါ နောက်ကို လိမ့်မှာဖို့ ဆုံးမတာ" ဟု ပြောလေ၏။

ထိုအခါ လှုပ်လှုပ်ရှားရှား ဖြစ်၍သွားလေ၏။ ရောင်ဖြူသည် ရုတ်တရက် ခုန်၍ထ၏။ ၎င်း၏အဖော်များလည်း ၎င်းကိုဆွဲ၍ထားကြလေ၏။ သို့သော် ရောင်ဖြူသည် စိတ်ကိုချုပ်၍ ထားလေ၏။

"မင်း တယ်စော်ကားပါကလား" ဟုပြောပြီး မိမိ၏အဖော်များအား

"ခင်ဗျားတို့ အတွေ့အမြင်တော့ သင်း အတော်သူရသတ္တိရှိတဲ့ ယောကျ်ားပဲ၊ မင်းသတ္တိကို မင်းအားကိုးပြီး လုပ်လိုက်တယ်မဟုတ်လား၊ လူစွမ်းကောင်းဟာ တစ်သမတ်တည်း အစွမ်းပြရလိမ့်မယ်၊ နောက်ကို မဆုတ်ရဘူး"

ဟု ပြောလေ၏။ ထိုအတောအတွင်း ထည်းရည်သောက်သူ၏ အခန်းဘက်မှ မိန်းမသုံးယောက် ပြေးဝင်၍လာကြလေ၏။ တစ်ယောက်မှာ အထူးချောမောလှပသော မိန်းမပျိုကလေးဖြစ်လေ၏။ တိုးအောင်သည် ၎င်းတို့ကို မြင်သောအခါ အံ့အားသင့်၍နေလေ၏။ ထို့နောက် မိမိကိုယ်ကို ဆန့်ကာရပ်ကာ ယောကျ်ားကောင်းစွမ်းရည်ကိုပြလိုသော အမူအရာနှင့်နေလေ၏။ ထိုအတွင်းရောင်ဖြူက မိမိ၏အဖော်များအား တိုးအောင်ဘယ်ကိုမှ မသွားစေရအောင်မှာပြီး အနီးအပါး၌ရှိသော မိမိ၏ခြံသို့ သွားလေ၏။ ရောင်ဖြူသည် ခုံခုံညားညား ထွက်၍သွားလေရာ ဤအကောင်ကား လူစွမ်းကောင်းမဟုတ်၊ လူစွမ်းကောင်းတို့မည်သည် ဝင့်ဝါခြင်းမရှိ၊ ငါတတ်သလောက် ဓားအစွမ်းနှင့် သူ့ကိုနိုင်နိုင်မှာပဲဟု စိတ်ချက်လက်ချ တွေးတောလေ၏။

တိုးအောင်က "ခင်ဗျားတို့လူဟာ လောကကို အတော်ငြီးငွေ့တယ် ထင်တယ်" ဟု မိန်းမများကြားအောင် ပြောလိုက်လေ၏။ ထိုစကားသည် မိမိကိုယ်ကို တွေ့ရသည့်အခြေအနေမှ ပြန်၍မဆုတ်မခွာနိုင်အောင် ပြုလုပ်ထားသောစကားဖြစ်လေ၏။

မိန်းမများနှင့် ဆိုင်ရှင်သည်လည်းကောင်း၊ ရောင်ဖြူ၏အဖော်များသည်လည်းကောင်း ပွဲကောင်းကိုကြည့်ရတော့မည်ဟု မျှော်လင့်လျက် စိတ်

mgyoe.com

အားထက်သန်၍ နေကြလေ၏။ တကယ်အစွမ်းကောင်းသော သူများသည် ထိုပွဲမျိုး၌ လျှော့၍ပေးရိုးမရှိဟူသော အကြောင်းကို သိကြလေ၏။

ရောင်ဖြူ၏ မိတ်ဆွေတစ်ယောက်က "မောင့်ကို သူသနားလို့ မသတ်ရင် မောင်ချမ်းသာမှာပဲ၊ သူလည်း ဒါနဲ့အသက်မွေးတဲ့ယောက်ျား တစ်ယောက်ပဲ" ဟုပြောလိုက်လေ၏။

"ဘာနဲ့အသက်မွေးတယ်"

ရောင်ဖြူ၏အဖော်များသည် တီးတိုးစကားပြောကြပြီး ဗိသုကာလုပ်သူက ဦးခေါင်းကို ညင်သာစွာခါလေ၏။

"မောင် မသိဘဲကိုး၊ မသိတာ ဆိုးတာပေါ့၊ ခု မောင်ရိုက်လိုက်တဲ့ သူဟာ သည်နယ်တစ်ဝိုက်မှာ ဓားရေးလှံရေး အင်မတန်ကောင်းတဲ့ ဆရာ တစ်ဆူပဲ မောင်ရင်" ဟု ပြောလိုက်လေ၏။

ထိုစကားကို ကြားရသောအခါ မောက်မာသော တိုးအောင်သည် သိမ်ဖျင်း၍သွားသည့်အသွင်ရှိလေ၏။

"ဓားရေးလှံရေး ဆရာတစ်ဆူတဲ့လား၊ ဒီလိုတော့ ဘယ်မှာလုပ်လို့ ဖြစ်မှာတုန်း၊ ဒီလိုဆရာများဟာ များများမရှိဘူး၊ သေသွားရင်တစ်ယောက် လျော့သွားမယ်၊ ကျုပ် မသတ်နိုင်ဘူး"

"သွားပြီး စမိတာက ခက်တယ်"

"သူ့နာမည် ဘယ်သူတဲ့လဲ"

"ဆရာကိုရောင်ဖြူတဲ့ ဟောဟိုအနားက ခြံမှာနေတယ်"


တိုးအောင်သည် အသက်ထက် အရှက်ကိုမကြောက်တော့ပေ။ ဆိုင်ထဲကသူငယ်တစ်ယောက်ကို လမ်းပြရန်ခေါ်ပြီး ရောင်ဖြူ၏ခြံသို့သွားလေ၏။

ရောင်ဖြူနှင့်တွေ့ကြလေ၏။ ရောင်ဖြူသည် ဓားကိုလက်ထဲ၌ ကိုင်ဆ၍နေလေ၏။ ဓားဦး ဓားသွားကို လက်နှင့်စမ်းသပ်၍နေလေ၏။

"သြော် ... ထိုင်လေ" ဟု ပြောပြီး ဓားကို နံရံမှာထောင်လျက်

"ကိုင်း ... ကိစ္စကို ဆိုစမ်းပါဦး" ဟု ပြောလေ၏။

mgyoe.com



"ဒီလိုပါဆရာ ကျွန်တော် မသိလို့ပါ"

"မသိရင် သိအောင်ပြရတာပေါ့" ဟုရောင်ဖြူက ပြန်၍ပြောလေ၏။

"ဒီလိုပါဆရာ၊ ဆရာ ဓားအတတ်ကို သင်ပေးတဲ့ဆရာဖြစ်ကြောင်း မသိရလို့ပါ၊ ယခုဖြစ်ပျက်ခြင်းဟာ မတော်တဆ ဖြစ်ရတာပါ" ဟု ပြောလေ၏။

"ကျုပ် ဆရာဖြစ်ကြောင်းကို နဖူးမှာ စာကပ်ထားရမှာလား၊ ဓား ဆရာမဟုတ်တဲ့လူများကို မင်းဒီလိုပဲ လိုက်ပြီးစော်ကားနေမှာလား"

"ကျွန် ...တော် ဆရာနဲ့ ခိုက်ရန်မဖြစ်နိုင်ဘူး၊ ဒါတော့မတော်ဘူး"ဟု တိုးအောင်က ပြောလေ၏။ တိုးအောင်သည် ထိုစကားကို ပြောပြီးသည့်နောက် မိမိသူရဲဘောနည်းကြောင်းကို မြင်ရကြားရသည့် မိန်းမတွေ သိတော့မည်ဟု တွေးမိလေ၏။ ထိုအတွင်း လူစုလူဝေးမိန်းမတွေ ရောင်ဖြူ၏ခြံထဲသို့ ဝင်ရောက်၍လာကြလေ၏။ ယနေ့ဓားပွဲကို ကြည့်ရတော့မည်ဟု အားကိုး၍ လာကြလေ၏။

"ကျွန်တော် တောင်းပန်ဖို့လာပါတယ် ဆရာ"ဟု တိုးအောင်က ခပ်တိုးတိုး ပြန်၍ပြောလေ၏။

mgyoe.com

mgyoe.com

"ဟာ ... ဘုန်းကြီးထိပ် ခေါက်ပြီးမှ ကန်တော့တာလား"

ထိုအခိုက် တိုးအောင်သည် ရောင်ဖြူနေရာ အခန်းကိုကြည့်လေရာ ပုတ်နုတ်ဆင်းရဲကြောင်းကို တွေ့ရှိရလေ၏။ ၎င်း၏အဝတ်အစားမှာလည်း ညစ်နွမ်းကြောင်းကို သိရလေ၏။ လာရောက်သော မိန်းမ ယောကျ်ားများသည် ၎င်းတို့၏အပါးကိုမကပ်၊ ခြံအဝင်ဝနားမှာသာ ကပ်၍နေကြလေ၏။

"ကျွန်တော် စော်ကားတဲ့အတွက် ဆရာ့ကို လျော်ကြေးပေးပါ့မယ်" ဟု တိုးအောင်က ပြောလေ၏။ ရောင်ဖြူသည် တိုးအောင်ကို စိုက်ကာ ကြည့်၍ နေလေ၏။

"သရာ ဉာဏ်ပူဇော်ခယူပြီး စားရေးလုံ့ရေးကို သင်ပေးသူဖြစ်ပါတယ်။ ကျွန်တော်လည်း တပည့်လိုအောက်မေ့ပြီး ဉာဏ်ပူဇော်ပါတယ်၊ တောင်းပန်ရင် ကြေရပါတယ် ဆရာ"

"သြော် ... တောင်းပန်ရင် ကြေ့ရသကိုး" ဟု ပြောပြီး ဆိတ်ငြိမ်၍ နေလေ၏။

"ကိုင်း ... ဗျာ ဘယ်လောက်များ ဉာဏ်ပူဇော်မှာလဲ"

"ငွေသားတစ်ဆယ်" ဟု တိုးအောင်က ပြန်၍ပြောလေ၏။

ထိုအခါ ရောင်ဖြူက အိမ်တွင်းသို့ဝင်ပြီး စားနှစ်စင်းကို ယူ၍လာလျက် မြေပေါ်၌စိုက်ကာ

"ကြိုက်ရာစားကိုယူ၊ ဟို ပရိသတ်တွေ ကြည့်ချင်လှပြီ" ဟု ပြောလေ၏။

တိုးအောင်သည် ပုန်းရှောင်၍ပြေးဖို့ရန် ခက်သည်ကိုလည်းကောင်း၊ ယှဉ်ပြိုင်၍သတ်ဖို့ရန် သာ၍ခက်သည်ကိုလည်းကောင်း တွေ့ရှိရလေ၏။ သို့ဖြစ်လေရာ

"ငွေသား ဆယ့်ငါးကျပ်သား ယူပါခင်ဗျား" ဟု ပြောကာ ရောင်ဖြူ၏ လက်ကိုဆုပ်ကိုင်လေ၏။

"ကျပ်ပါးဟာ တစ်ဆယ်တန် ဆယ့်ငါးကျပ်တန်ပါးမဟုတ်ဘူး၊ အင်မတန်ဝေးသေးတယ်" ဟု ရောင်ဖြူက ပြန်၍ပြောလေ၏။

mgyoe.com

mgyoe.com

ထိုအခါ တိုးအောင်က မငြင်းနိုင်အောင်

"ကိုင်း ... ငွေသားတစ်ရာယူပါ" ဟု အပြီးအပိုင် ပြောလိုက်လေ၏။ အကြောင်းမူကား တိုးအောင်သည် အမွေရပြီးစ ဖြစ်သောကြောင့် ငွေကို ရေလိုသုံး၍နေသူဖြစ်လေ၏။ ထိုအခါ ရောင်ဖြူ၏ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာသည် စဉ်းစားသောမျက်နှာအဖြစ်သို့ ရောက်၍လာလေ၏။ ဤသည်ကား မတွေးမခေါ် မမျှော်လင့်ဘဲ ပေါ်ပေါက်၍လာသော အကြောင်းအရာဖြစ်လေသည်။ ငွေသားတစ်ရာဆိုသည်မှာ တစ်ပိသာပဲ။ ယခုအခါမှာ တစ်နှစ်လုံးရှာလို့ ငွေသားတစ်ရာ ရမှာမဟုတ်ဘူး။ ငါးဆယ်မျှရလျှင် ပါးတစ်ဖက်သာမဟုတ် နှစ်ဖက်စလုံး စုံအရိုက်ခံချင်၍နေသော အခိုက်အခါဖြစ်သည်။ ဤနည်းလည်း ရပေါက်ရလမ်းနည်းတစ်ခုဖြစ်ပါကလား စသည်ဖြင့်တွေးပြီး ချောင်းဟန့်လိုက်လေ၏။

"မင်း နားလည်တယ်မဟုတ်လား။ ဒီအရာမျိုးမှာ လျော်ကြေးယူလို့ မကိုက်ဘူး၊ သို့သော်လည်း ဒဏ်ရိုက်တယ်ဆိုရင် တော်လိမ့်မယ်ထင်တယ်၊ ငွေတစ်ရာ ဒဏ်ရိုက်တယ်ဆိုရင် မင်းစော်ကားသည့်အတွက် လုံလောက်ပြီဟု ငါထင်တယ်"

ထိုအခါ တိုးအောင်သည် ရောင်ဖြူကိုခေါ်၍ ချက်ချင်းအတူ သွားကြလေ၏။ ခြံဝ၌ စောင့်၍နေသော လူများ၏အနီးသို့ရောက်သောအခါ အသာနေကြဦးဟု ပြောသောအနေနှင့် လက်ပြ၍ သွားလေ၏။

ထိုနေ့မှစ၍ ရောင်ဖြူ၏စိတ်မှာ အကြံတစ်မျိုးပေါ်၍သွားလေ၏။ ငွေရလမ်း အသစ်တစ်ခုကို စ၍တွေ့လေ၏။ ထိုခေတ်အခါ သမယသည် လူစွမ်းကိုပြရသောခေတ်အခါဖြစ်လေရာ ထိုလမ်းဖြင့် ငွေရဖို့ရန် အင်မတန်ကြီးလွယ်ကူ၍လာလေ၏။ ထိုလမ်းကို အသုံးမပြုဘဲ မနေနိုင်တော့ပေ။

နောက်တစ်လအတွင်း ထန်းရည်ဆိုင်သို့ လာသောသူများကို သုံးကြိမ်တိုင်တိုင် ရန်စလေ၏။ ရန်စသည့်အခါတိုင်း ဓားကြိမ်းကြိမ်း၏။ သို့သော်လည်း ဓားရေးကို တစ်ခါမျှမပြခဲ့ရပေ။ ရှေးအခါက ရောင်ဖြူသည် နူးညံ့သိမ်မွေ့ ပကတိလူကောင်းဖြစ်ခဲ့၏။ တိုးအောင်နှင့်တွေ့ပြီး

mgyoe.com

mgyoe.com

ကတ်တည်းက စ၍ ခက်ထန်သောအသွင်ကို ဆောင်ခဲ့လေ၏။ ၎င်း၏ရန်မူခြင်းကို ခံရသောသူများသည် အခါတိုင်း ၎င်း၏အိမ်သို့သွားကာ တိုးလျှိုးကြရလေ၏။ တစ်ရံတစ်ခါ၌ကား ထိုကဲ့သို့သွားရောက်တိုးလျှိုး တောင်းပန်ဖို့ရန် ကျောင်းစာရေး ဘိုးအက အကြံပေးရလေ၏။ သို့သော်လည်း အဘယ်ပုံ အေးချမ်းခြင်းဖြစ်သည်ကား မည်သူမျှ မရိပ်မိကြပေ။ ရောင်ဖြူ ငွေကြေးကို အခါတိုင်းထက် ပိုမို၍သုံးနိုင်သည်ကား ၎င်း၏ ကျောင်းမှာ ဉာဏ်ပူဇော်ခတွေ တိုး၍ရသည်ဟု မှတ်ထင်ကြလေသည်။

ရောင်ဖြူသည် မိမိ၏အကြံ၌ လွန်စွာပါးရည်နပ်ရည် ရှိလေ၏။ မိမိလောက် စွမ်းရည်သတ္တိရှိပုံ မရသူများအား မိမိကို စတင်၍ ရန်စအောင်လုပ်၏။ ထိုသူများသည် ငွေကြေးပေါများလျက် အေးအေးဆေးဆေး လူများဖြစ်သည်ကိုလည်း တင်ကြို၍ သိတတ်သောဉာဏ်ရှိလေ၏။ ထိုကဲ့သို့သော ရိုးရိုးသားသား ငွေကြေးပေါများလျက် အစွမ်းသတ္တိမရှိသူများသည် မြောက်မြားစွာ တွေ့ကြုံနိုင်သောလူမျိုး မဟုတ်ကြပေ။ တစ်လလျှင် ထိုလူမျိုးကို နှစ်ကြိမ်သုံးကြိမ်ထက် ပိုမို၍မတွေ့နိုင်ပေ။ ရောင်ဖြူသည်ကား သုံးကြိမ်ပင် မတွေ့ရစေကာမူ နှစ်ကြိမ်လောက်တွေ့ရလျှင် ကျေနပ်၍နေသူဖြစ်လေသည်။ သို့သော်လည်း ငွေအရလွယ်မှန်းကို သိသောအခါ လောဘသည် တိုး၍လာလျက် သတိကင်းလွတ်စပြုလေ၏။

ရောင်ဖြူသည် ထိုနည်းဖြင့် ထိုအလုပ်ကို အတန်ကြာ ချောချောမောမောလုပ်ကိုင်၍နေခဲ့လေ၏။ သို့သော်လည်း နောက်ဆုံး၌ အမှားကို လုပ်မိလေသည်။

တစ်နေ့သည်၌ မွန်းလွဲအချိန် မျက်နှာဝိုင်းဝိုင်း အသားညိုညို မွှန်လိုလို မြန်မာလိုလို အဝတ်အစား လွန်စွာရိုးသားသော လူတစ်ယောက်သည် ထန်းရည်ဆိုင်ကလေးသို့ ရောက်၍လာလေ၏။ ထိုလူသည် ထန်းရည်ဆိုင်ထောင့် ခုံကလေးတစ်ခုမှာထိုင်လျက် ထန်းရည်အိုးထဲမှ ထန်းရည်ကို ကုန်းကာခပ်၍ သောက်စပြုလေ၏။

ရောင်ဖြူသည် မိမိ၏နေရာမှထလျက် ထိုသူကို အကဲခတ်ကာ

mgyoe.com

mgyoe.com

ကြည့်၍နေလေ၏။ ရောင်ဖြူ၏စိတ်၌ ထိုသူသည် ကေန်ကြောက်တတ်သူဖြစ်သည်ဟု အတွေးရလေ၏။ ပွဲစားကုန်သည်လို လူစားမျိုးဖြစ်သည်ဟု သဘောရ၏။ သို့သော်လည်း ဆိုင်ရှေ့၌ ၎င်း၏ ကြီးမားခံ့ညားသောမြင်းကို မြင်ရသဖြင့် လူကုံထံမျိုးဖြစ်ကြောင်းကို သိလေ၏။

ရောင်ဖြူသည် ဆေးလိပ်တိုကို မီးညှိကာ အခန်းကိုဖြတ်ပြီး ၎င်းလူ၏အနား၌ရှိသော မီးဖိုကလေးတစ်ခုသို့ သွားလေ၏။

ထန်းရည်သောက်၍နေသူသည် ထန်းရည်ကို နောက်တစ်ကြိမ်ကုန်း၍ခပ်လေ၏။ ရောင်ဖြူသည် မီးစာနှင့် ဆေးလိပ်ကို မီးညှိပြီးလှုပ်ခါလိုက်တာ မတော်တဆလိုလို မီးဖွားများသည် ထန်းရည်သောက်၍နေသူ၏ကျောထက်သို့ ကျ၍သွားလေ၏။ ထိုကျသောမီးဖွားများအထဲတွင် မီးစာမှ မီးခဲတို့လည်း ပါရှိလေ၏။ ထိုအခါ ထန်းရည်သောက်သူသည် ရုတ်တရက် မတ်တတ်ထပြီး ရောင်ဖြူ၏မျက်နှာကို စိုက်ကာကြည့်၍နေလေ၏။

ရောင်ဖြူက "ခင်ဗျားကြည့်ပုံ တယ်ထူးပါကလား" ဟု ပြောလိုက်လေ၏။

မျက်နှာဝိုင်းဝိုင်းနှင့် လူက "ထူးတာပေါ့ဗျာ၊ ခင်ဗျားက ကြည့်မှမကြည့်ဘဲကိုး"

"ခင်ဗျားက ဒီနေရာမှာလာပြီး ထိုင်တာကိုး၊ မီးနားမှာထိုင်ရင် မီးလောင်တတ်တယ်ဆိုတာ မသိဘူးလား၊ ကျုပ်လည်း ခင်ဗျားလိုသောက်ပြီး မူးနေတဲ့လူပဲ ကြည့်မနေနိုင်ဘူး" ဟု ရောင်ဖြူက ပြောလေ၏။

"ဒါတော့ ခင်ဗျားခွပြောတာပဲ၊ ကျုပ်ကျောကုန်းပေါ်မှာလာပြီး တမင် မီးညှိတာကိုး" ဟု မျက်နှာဝိုင်းဝိုင်းနှင့်လူက သာယာညင်းပျောင်းသောအသံနှင့် ပြောလိုက်လေ၏။

ရောင်ဖြူက "ခင်ဗျား အင်မတန် ခွကျတာပဲ၊ ခင်ဗျား ဒီနေရာမှာထိုင်နေတဲ့အတွက်ကျုပ်ကမီးဖိုထဲကိုတောင် တွန်းချမယ်ဆိုရင်ကျုပ်လွန်မှာမဟုတ်ဘူး၊ ကျုပ်တွန်းမချတာကို ခင်ဗျား ကျေးဇူးတင်ဖို့ ကောင်းတယ်၊

mgyoe.com

mgyoe.com

အခုတော့ ကျေးဇူးမတင်တဲ့အပြင် ခင်ဗျား ရန်စကားပြောနေတာကိုး"

"ရန်စတာက ကျုပ်မဟုတ်ဘူး၊ ရန်စတာက ခင်ဗျား" ဟု မျက်နှာဝိုင်းက ပြန်၍ပြောလေ၏။ ၎င်း၏ညိုသောမျက်နှာမှာ သွေးရောင်တောက်၍လာ၏။ မျက်နှာလည်း ရှုံ့၍လာလေ၏။

"သြော် ... ခင်ဗျား ရန်ဖြစ်ချင်တာကိုး၊ ရန်ဖြစ်ချင်ရင် ကျုပ်မှာ ဓားနှစ်စင်း အသင့်ရှိတယ်"

ထိုစကား၏အဓိပ္ပာယ်ကို မျက်နှာဝိုင်းသည် ချက်ချင်းနားလည်လေ၏။ အကြောင်းမူကား ထိုခေတ်အခါသမယ၌ ဓားချင်းယှဉ်၍ခုတ်သောအလေ့သည် အနယ်နယ်မှာ ခေတ်စား၍နေလေ၏။ ထိုအခါသမယ၌ ဤနည်းဖြင့် အရပ်ရပ်မှာ လူစွမ်းကိုပြကြလေသည်။ ထိုအလေ့ကို အစိုးရများသည် ပိတ်ပင်တားဆီး၍မရပေ။ အကြောင်းမူကား တန်ခိုးလွန်စွာမကြီးသော မင်းပြိုင် စိုးပြိုင်ကလေးတွေ ပေါ်ပေါက်၍နေလေသည်။

မျက်နှာဝိုင်းသော ထိုလူ၏မျက်လုံးများသည် ပြူးကျယ်၍ လာလေ၏။

"ခင်ဗျား ကျုပ်နဲ့ ရန်ဖြစ်ချင်တယ် ထင်ပါရဲ့"ဟု ၎င်းက ပြန်၍ပြောလိုက်လေ၏။

ရောင်ဖြူသည် ရယ်လေ၏။

"တကယ် လူစွမ်းလူစရှိတာ ဟုတ် မဟုတ် ကျုပ်မြင်ရင် သိတာပဲ၊ ကျုပ် အချိန်ဖြုန်းတဲ့လူစားမဟုတ်ဘူး၊ ခုဆိုရင် ချက်ချင်းမှ ကြိုက်တာ"

"ဒါတော့ လွန်ပြီလို့ထင်တယ်" ဟု မျက်နှာဝိုင်းက ပြောလေ၏။ ၎င်းသည် များစွာစိတ်နှောက်၍သွားသည့် လက္ခဏာရှိလေ၏။ ၎င်းနောက် စကားဆက်လျက်

"ဟုတ်တယ် ဒါတော့ အမှန်လွန်တာပဲ၊ ကျုပ် ဒီလိုစကားမျိုးကို ခံတဲ့လူစားမဟုတ်ဘူး"ဟု ပြောပြီး အခြားထန်းရည်သောက်သူများဘက်သို့ လှည့်ကာ

"ဒီလူဟာ အင်မတန်လွန်တဲ့လူပဲ၊ ကျုပ်ကို တမင်စော်ကားတာ

mgyoe.com

ခင်ဗျားတို့ အသိပဲနော်" ဟု ပြောလိုက်လေ၏။

ရောင်ဖြူသည် စူးရှသောအသံနှင့် ပြောလိုက်သည်ကား

"ခင်ဗျား အခုတောင် ဟောင်တုန်းပါကလား၊ နှုတ်သီးကိုပိတ်ပြီး အုပ်မှ အဟောင်ရပ်လိမ့်မယ် ထင်တယ်"

"ဒီလောက်တောင် ပင်ပန်းခံဖို့မလိုပါဘူး၊ ခင်ဗျားဆီကစားကိုလည်း မလိုပါဘူး၊ ကျုပ်မြင်းပေါ်မှာ ကျုပ်စားရှိပါတယ်' ဟု စိတ်မပါ့တပါ ပြန်၍ ပြောလိုက်လေ၏။

ထိုစကားသည် ရောင်ဖြူ မတွေးမခေါ်သော စကားဖြစ်လေ၏။ ၎င်းစကားကို ကြားရသောအခါ ရောင်ဖြူမျက်နှာပျက်လုခမန်း ဖြစ်၍သွား လေ၏။

ထို့နောက် ကျောင်းစာရေး ဘိုးအ၊ ဗိသုကာ မောင်နီး၊ အထည်သည် ဖံရပ်တို့ရှိရာသို့

"ခင်ဗျားတို့ ဒီလူကို ကျုပ်အိမ်ဘယ်မှာရှိတယ်ဆိုတာကို ပြောလိုက် စမ်းပါ" ဟု ပြောပြီး ဆိုင်ထဲမှ ထွက်၍သွားလေ၏။

ထုံးစံအတိုင်း ရောင်ဖြူ၏အိမ်သို့ မျက်နှာဝိုင်းနှင့် ညှဉ့်သည်သည် ရောက်၍လာလေ၏။ ခါတိုင်းပြောဆိုမြဲ လေပြောက်မျိုးနှင့် ဆီး၍စကား ပြောလေ၏။ မျက်နှာဝိုင်းသည် လွန်စွာဝမ်းနည်းသော အသွင်ကိုပြလေ၏။ ဝမ်းနည်းအားကြီးသဖြင့် စကားပင် ထစ်ထစ်ငေါ့ငေါ့ ဖြစ်၍နေလေ၏။

"ရန်ဖြစ်ဖို့ မတော်ပါဘူးခင်ဗျား၊ ကျုပ် စကားပြောတာ လွန်သွား ပါတယ် ခင်ဗျား၊ ကျုပ်နဲ့ ခင်ဗျား ဓားရေးယှဉ်ပြိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး ခင်ဗျား၊ ဘယ်နည်းနဲ့မျှ မဖြစ်နိုင်ပါဘူး" ဟု မျက်နှာဝိုင်းကတောင်းပန် လေ၏။

ထိုစကားကို ပြောပြီးနောက် မျက်နှာဝိုင်းသည် ပြုံးရယ်လိုက်ရာ ခွေးစွယ်နှစ်ချောင်း ပေါ်၍လာလေ၏။ ထိုအတွင်း ရောင်ဖြူက မိမိပြော နေကျဖြစ်သော ငေါ့လုံးနှင့်

"ကျုပ် ဓားသိုင်းဆရာဖြစ်တာ အများသိဖို့ နဖူးမှာ စာဆွဲထားရ

mgyoe.com

မှာလား" ဟုပြောလိုက်လေ၏။

သို့သော်လည်း ထိုစကားသည် အခါတိုင်းကဲ့သို့ တန်ခိုးသတ္တိ မရောက်ကြောင်းကို ချက်ချင်းသိရလေ၏။ အကြောင်းမူကား မျက်နှာဝိုင်း၏ အမူအရာမျက်နှာထားမှာ ပြောင်းလဲ၍သွားလေ၏။ ဓားသိုင်းဆရာဟူသော စကားကိုကြားလိုက်ရသည်နှင့်တစ်ပြိုင်တည်း စိတ်လက်အေးချမ်းသွားလေ၏။

"ခင်ဗျား ဓားသိုင်းဆရာလား၊ ဓားသိုင်းဆရာဖြစ်ရင် တော်တာပေါ့"

မျက်နှာဝိုင်းသည် ကိုယ်ကိုဆန့်၍ ရပ်လိုက်လေ၏။ ရောင်ဖြူ၏ အခန်းပတ်ပတ်လည်ကို လှည့်၍ကြည့်လေ၏။ ဓားသိုင်းဆရာဖြစ်သည့် အထိမ်းအမှတ်များကို တွေ့ရလေ၏။ ၎င်း၏အမူအရာမှာ ယောကျ်ားကောင်းအမူအရာပေါ်၍လာလေ၏။

"ဩော် ... ဒီဟာ ခင်ဗျားကျောင်းကို၊ ဒီလိုဖြင့်ရင် သင်ပေါ့၊ ကိုင်း ဘယ်အချိန် ဘယ်နေရာမှာအလိုရှိသလဲ၊ ကျုပ်လည်း ထန်းရည်အိုးကလေး အပြီးသတ်လိုက်ပါရစေဦး" ဟု ပြောပြီး ပြန်တော့မလို လုပ်လေ၏။

ထိုအခါ ရောင်ဖြူသည် ခါတိုင်းကဲ့သို့ မဟုတ်တော့ပေ။ မျက်နှာ ပျက်၍ သွားလေ၏။ မျက်နှာဝိုင်း၏ ပခုံးပေါ်သို့ လက်ကိုတင်ကာ

"နေပါဦးဗျ၊ ခင်ဗျား ဘယ့်နှယ်စကားတွေကို ပြောတာတုန်း၊ ဘယ် အဓိပ္ပာယ်မျိုးကို ခင်ဗျား ကောက်တာတုန်း" ဟု ရောင်ဖြူက ပြောလေ၏။

"ဒီအဓိပ္ပာယ်ပေါ့"

မျက်နှာဝိုင်း၏မျက်လုံးများသည်ရွှင်ပျသော အမူအရာနှင့်ဝင်းလက်၍သွားလေ၏။ အိမ်၏အခြေအနေကိုကြည့်ပြီး စိတ်လက်ကြည်လင် ရွှင်ပျသကဲ့သို့ ရှိလေ၏။

"ကျုပ်တို့ ခင်ဗျားတို့မှာ တခြားအရပ်သား ရိုးရိုးတစ်ယောက်နဲ့ ဓားရေးပြိုင်ရမယ်ဆိုရင် အင်မတန်ကြီးလေးတဲ့အပြစ် ဖြစ်မှာပဲ၊ မတော် တဆ တစ်ခုခုဖြစ်သွားမယ်ဆိုရင်လည်း တာဝန်မကင်းပေဘူး၊ ခင်ဗျားနဲ့ ကျုပ်နဲ့ဆိုတော့ကာ ဓားသိုင်းဆရာချင်းလည်းဖြစ်တယ်၊ ခင်ဗျားလည်း

mgyoe.com

mgyoe.com


စားသိုင်းဆရာ၊ ကျုပ်လည်း စားသိုင်းဆရာ၊ တွေးပြီးကြောက်စရာ ဘာမှ မရှိပါဘူး၊ ဘယ်သူပဲသေသေ ကိစ္စများမယ်မဟုတ်ပါဘူး"ဟု မျက်နှာဝိုင်းက ပြောလေ၏။ ရောင်ဖြူသည် ကျောကိုမြွေတက်သကဲ့သို့ ကြောက်ရွံ့စပြုလေ၏။ ၎င်းသည် စားသိုင်းဆရာဖြစ်သော်လည်း ကြက်ဆူတောမှာ မင်းမူ၍နေသည်ကို ကိုယ်တိုင်သိလေ၏။

ရောင်ဖြူသည် မျက်နှာဝိုင်းကို သေသေချာချာကြည့်လေ၏။ ငါသည်လောက်တောင် အထင်လွဲလေရော့သလား။ မျက်နှာဝိုင်းမှာ ကြောက်စိတ်လုံးလုံးမရှိသည်ကိုလည်းကောင်း၊ အလုံးအရပ်အသင့်အတင့်ကောင်းသူဖြစ်သည်ကိုလည်းကောင်း လက်တံခြေတံ ရှည်လျားသည်ကိုလည်းကောင်း ကျစ်လျစ်သော အသွင်ရှိသည်ကိုလည်းကောင်း ပွတ်တိုင်ကဲ့သို့ဒသာ ခြေသလုံးများရှိသည်ကို တွေ့မြင်ရလေ၏။

"ခင်ဗျားလည်း စားသိုင်းဆရာပဲလား"ဟုပြောလျက် ကြောင်တောင်တောင်ငေးကာ မျက်နှာဝိုင်းကို ကြည့်ကာနေလေ၏။

"နည်းနည်းလည်း ထင်ရှားတဲ့ စားသိုင်းဆရာပါပဲ။ ကျုပ်က ဗမာမွန်စပ်ဖြစ်ပါတယ်၊ ဟံသာဝတီက ဗိုလ်လဘန်းဆိုတာ ခင်ဗျားကြားဖူးရဲ့မဟုတ်လား"

ရောင်ဖြူသည် အံ့သြမေ့မော၍ နေလေ၏။

"ဗိုလ်လဘန်း အစစ်ပဲလား"

"အစစ်ပါပဲ၊ ဘယ်အခါမဆို အလိုရှိရင် အသင့်ပါပဲ"

"တစ်ဆိတ်နေပါဦး ဆရာ၊ ကျွန်တော် လူမှားလို့ပါ"

"သိုင်းဆရာ အသေးအဖွဲများသိဖို့ရန် ကျုပ် ဗိုလ်လဘန်းဖြစ်ကြောင်းကို နဖူးမှာ စာကပ်ထားရမှာလား"

"ကျုပ်ဆရာနဲ့ စားရေးမပြိုင်နိုင်ဘူး၊ ဆရာလည်း ကျုပ်နဲ့ပြိုင်ဖို့စိတ်ကူးထဲမှာ မထည့်နိုင်ပါဘူး၊ ကျုပ် ဒုက္ခတွေ့မှာပေါ့"

"ဒါတော့ အရေးမကြီးပါဘူး၊ ခင်ဗျားသေမှာက ကျိန်းသေပါ"ဟု မျက်နှာဝိုင်းက ပြန်၍ပြောလေ၏။

mgyoe.com

mgyoe.com


ရောင်ဖြူသည် မျက်လုံးဝိုင်းလျက် မိမိ၏ရှေ့၌ တင်းမာစွာရပ်၍နေသောမျက်နှာဝိုင်းကို ကြည့်၍နေလေ၏။ ၎င်းလူသည် အစဦး၌ လွန်စွာသိမ်မွေ့ဟန်ရှိသော်လည်း ယခုသည်ကား ကြောက်မက်ဖွယ်အသွင်ကိုဆောင်၍နေလေ၏။ ရောင်ဖြူက "ကျွန်တော် တောင်းပန်ပါတယ်" ဆရာဟု ပြောလေ၏။

"ခင်ဗျား အသုံးမကျတဲ့လူပဲ၊ မိမိကိုယ်ကို မိမိကာကွယ်နိုင်မယ့်လူမှန်းကို ခင်ဗျားမသိလို့ ကျုပ်ကိုအရမ်းစော်ကား ရန်စပြုတာပဲ၊ အခုဆိတ်ကွယ်ရာမှာ တောင်းပန်ရင် အေးမယ်ထင်သလား၊ အခု ခင်ဗျားထောင်ချောက်မှာ ခင်ဗျားမိနေတယ်လို့ထင်တယ်၊ ခင်ဗျားဘုရားတရားကိုသာ အောက်မေ့တော့၊ ကျုပ်တော့ အသင့်ပဲ၊ ကျုပ် အချိန်ကိုဖြုန်းမယ့်လူစားမဟုတ်ဘူး၊ အခုဆို ချက်ချင်းမှကြိုက်တာ"

"သည်းခံပါဆရာ၊ လျော်ကြေးပေးဆို ပေးပါ့မယ်"

"ကျုပ်ကို ခင်ဗျားက လျော်ကြေးပေးမှာလား၊ ဘယ်လိုများပေးမယ်လို့ ကြံပါသလဲ"

"ငွေ နှစ်ဆယ့်ငါးကျပ်ဆိုရင် ... "

"ဘာရမလဲ ခင်ဗျား ငွေငါးဆယ်ပေးရင်တောင် ကျုပ် မကျေနိုင်ဘူး၊ ငွေတစ်ရာဆိုရင် ခင်ဗျားအပြစ်ဒဏ်ပြေလောက်မှာပဲ သို့သော်လည်း ..."

"ကျွန်တော် ပေးပါ့မယ်ခင်ဗျား"ဟု တောင်းတောင်းပန်ပန် ပြောလေ၏။ ထိုငွေသည် မိမိ၏ မရိုးမသားသော ဉာဏ်စွမ်းဖြင့် ရ၍ထားသောငွေအကုန်ဖြစ်လေ၏။

မျက်နှာဝိုင်း၏ မျက်လုံးတို့သည် တိုး၍ပြူး၏။

"ငွေတစ်ရာလား ကောင်းပြီလေ။ ခင်ဗျားစော်ကားတဲ့ အပြစ်ဒဏ်ပဲ ခင်ဗျားမှားကြောင်းကို ဝန်ခံတဲ့အတွက် အသက်ကို ချမ်းသာပေးလိုက်တာပါ၊ ကျုပ်ဟာလူကောင်းတစ်ယောက်ပါ၊ ကျုပ် လူတစ်ဖက်သားကို သနားညှာတာတတ်ပါတယ်။ ကျုပ် ခင်ဗျားငွေတစ်ရာကိုယူပြီး ဟံသာဝတီမှာ အလှူလုပ်မလို့ပါ"

mgyoe.com

မသက်မသာသောစိတ်ကား မပြေပျောက်ဘဲနေလေ၏။ လေးလံသော စိတ်များနှင့် ငွေများကိုထုတ်၍ပေးလေ၏။ သို့သော်လည်း ရောင်ဖြူသည် မိမိ၏ငွေတစ်ရာမပြည့် ကိုးဆယ်သာရှိသည်ကို တွေ့ရှိရလေ၏။ ဗိုလ်လဘန်းသည်ကား သနားတတ်ရုံမဟုတ် စိတ်သဘောလည်းကြီးသူဖြစ်လေ၏။ လိုသောငွေများကို မတောင်းသည့်အပြင် ရောင်ဖြူအား ချက်ချင်းအသုံးလိုက သုံးဖို့ရန် ငွေသုံးကျပ်ကိုပင် ပေးခဲ့လေ၏။

ရောင်ဖြူစိတ်၌ လပေါင်းအတော်များစွာ ဉာဏ်အလုပ်ဖြင့် စုဆောင်းခဲ့ရသော ငွေကလေးသည် အကုန်အစင် ပြောင်၍သွားလေရာ များစွာနှမြော ယူကျုံးမရဖြစ်လေ၏။ သို့သော်လည်း အလားတူနည်းဖြင့် ထိုငွေကို ပြန်၍ရလိမ့်ဦးမည်ဟု အောက်မေ့လေ၏။ သို့သော်လည်း နောင် ထိုနည်းမျိုးကို အသုံးပြုရာ၌ လူမြင်တိုင်း အထင်မသေးရအောင် သတိထားမည်ဟု စိတ်အကြံပြုမိလေ၏။ အကြောင်းမူကား အထင်သေးခြင်းကြောင့် ရသမျှသော ငွေကလေးဆုံးပါး၍သွားသည်ကို စဉ်းစားမိလေ၏။ သို့ဖြစ်လေရာ မျက်နှာကို ရဲရဲထားလျက် ထိုအလုပ်ကိုပင် ဆက်လက်၍ လုပ်လေ၏။ထန်းရည်ဆိုင်မှာ ပင့်ကူအိမ်၌ပင့်ကူသည် ထိုင်ကာယင်ကောင်ကိုစောင့်နေသည့်အလား မှားယွင်း၍ ပင့်ကူအိမ်ကိုဝင်ရောက်ကာ တိုးမိသော ယင်ကောင်များကို စောင့်၍နေလေ၏။

ရောင်ဖြူသည် တနင်္ဂနွေ နှစ်ပတ်လောက် မပြတ်မလပ် ကြိုးစား၍ စောင့်သော်လည်း တစ်စုံတစ်ယောက်မျှ မပေါ်လာခဲ့ပေ။ ထို့နောက် တစ်နေ့သ၌ ညနေအချိန် လူတစ်ယောက်သည် လေဟုန်ပမာဆိုင်ထဲသို့ ဝင်ရောက်၍လာလေ၏။ ၎င်းအသံသည် ထန်းရည်ဆိုင်ရှင်ကိုခေါ်ရာ၌ အတော်ပင် ပြင်းထန်ကြမ်းကြုတ်လေ၏။

ရောင်ဖြူသည် ထိုသူ၏အသံကိုကြားရသောအခါ အံ့သြ၍သွားလေ၏။

"သည်အရပ်မှာ ရောင်ဖြူဆိုတဲ့ အကောင်တစ်ယောက် ရှိသလား၊ သိုင်းဆရာလို့ သူ့ကိုယ်သူခေါ်တယ်၊ ဘာအသုံးကျတဲ့ သိုင်းဆရာလဲ"

mgyoe.com

mgyoe.com


ရောင်ဖြူသည် ထိုင်ရာမှ ရုတ်တရက်ထပြီး တောင်ကိုပြေးတော့မလို၊ မြောက်ကို ပြေးတော့မလိုလုပ်ရင်း ခုန်လိုက်ရာ မေးသူ၏ရှေ့သို့ စုံရပ်လျက်ကျလေ၏။

"ရောင်ဖြူဆိုတာ ကျုပ်ပါပဲ"

မေးသောသူသည် အဝတ်အစား ခံ့ညားစွာဝတ်လျက် ရောင်ဖြူကို ခက်ထန်သောမျက်နှာထားနှင့် ကြည့်လေ၏။

"မင်းလား ရောင်ဖြူဆိုတဲ့အကောင်"ဟု ဧည့်သည်က မေးလေ၏။ ဆိုင်ထဲရှိ ထမင်းရည်သောက်၍နေသောသူများသည် ၎င်းကိုစိုက်၍ ကြည့်ကြလေ၏။

"ဒီလူတော့ ဒုက္ခတွေ့တော့မှာပဲ၊ တားဆရာရဲ့တားဦးမှာလာပြီး မှောက်တဲ့လူပဲ"ဟု စသည်ဖြင့် သနားကရုဏာစကား ပြောကြလေ၏။

ထိုအခါ ဧည့်သည်က "လွန်ခဲ့တဲ့နှစ်လအတွင်းမှာ ကျုပ်ဆီကို တား အတတ်သင်ဖို့ရန် မြန်မာလူမျိုးလေးယောက်လာတယ်၊ ဒီလေးယောက် စလုံးပဲ မင်းကို ငွေပေးခဲ့ရတဲ့သူတွေ ဖြစ်တယ်၊ မင်း သူတို့ကိုခြိမ်းခြောက် ပြီး ငွေကိုလိမ်ယူတဲ့အကောင်လို့ သိရတယ်။ ဒီအတွက် သူတို့မခံချင်လို့ ကျုပ်ဆီကို တားအတတ်သင်ဖို့လာတာ၊ ဒီလူလေးယောက်ကို သေသေချာချာ စစ်ဆေးကြည့်တဲ့အတွက် ခင်ဗျားအကြံကိုသိရတယ်၊ ခင်ဗျား သူတို့ကိုတမင် ရန်စပြီး ငွေကိုလိမ်ယူတဲ့လူ၊ သည့်အတွက် တားအတတ်၏ ဂုဏ်သရေကို စောင့်ရှောက်ချင်တဲ့အတွက် ခင်ဗျားကို ကျုပ်လာပြီး စုံစမ်းတာပဲ"ဟု ဧည့်သည်က ပြောလေ၏။

ထိုအခါ ရောင်ဖြူက မျက်နှာဖြူရော်လျက် "ခင်ဗျား ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

"ခင်ဗျားသိအောင် ပြောရမှာဖြင့် ကျုပ် တခြားလူမဟုတ်ဘူး၊ ကျုပ် ဗိုလ်လဘန်းပဲ"

ထိုအတွင်း မျက်နှာဝိုင်းဝိုင်းနှင့်လူက ငြိမ်ငြိမ်သက်သက် ဝင်၍လာ သည်ကို ရောင်ဖြူမြင်လျက်

mgyoe.com

mgyoe.com


"နို့ ဟိုဟာက ဘယ်သူလဲ"

မိမိအရင်က ကြောက်ရွံ့ဖူးသော မျက်နှာဝိုင်း၏ မျက်နှာကိုကြည့်ကာ မေးလိုက်လေ၏။

ဧည့်သည်သည် နောက်ကိုလှည့်၍ ကြည့်ကာ

"ဒါက ကျုပ်တပည့်ပေါ့၊ ကြားရတဲ့သတင်းများ ဟုတ်သည် မဟုတ်သည်ကို သိရအောင် ရက်သတ္တနှစ်ပတ်လောက်က ကျုပ်သူ့ကိုခင်ဗျားထံ စုံစမ်းဖို့လွှတ်လိုက်တယ်၊ ခင်ဗျားသူ့ကို ကျောမီးနဲ့ရှို့ပြီး ရန်စတယ် မဟုတ်လား၊ အဲဒီလူကိုစရာမှာ ဒီရောင်ဖြူဆိုတဲ့အကောင် မှားသွားဟာပေါ့"ဟု ပြောပြီးရပ်လျက် မိမိလက်၌ရှိသော ကြိမ်လုံးနှင့် ရောင်ဖြူအား အချက်ပေါင်းများစွာ ရိုက်နှက်လေ၏။

၁၉၄၀ခုနှစ်၊ မေပြီ၊ မြန်မာ့အလင်း ၁/၇

❑

mgyoe.com

mgyoe.com

# ဆိုးပေ

"ပညတ်မှာ ခတ်သက်ပါဆိုတယ်ဆိုတာ အင်မတန်မှန်တဲ့စကား ပဲနော်" ဟု မဥသည် အိမ်နောက်ဘေး ခြံစောင့်ရင်း၌ ယောကျ်ားပျိုတစ်ယောက်နှင့် စကားပြောစဉ် ထုတ်ဖော်၍ ပြောလိုက်လေ၏။ ထိုအခါ ညဆယ်နာရီကျော်ခန့်အချိန်ဖြစ်၍ မိုးဦးကျအခါမို့ ပထဝီမြေကြီးကို ရင်ဆိုင်ပြုကာ ကြီးလှစွာသော မျက်မှန်နှင့် ရန်စဖို့ကြံစည်၍နေဟန်ရှိသော ကောင်းကင်မှာ ဒေါသနှင့်ညို့ပြီး တအိုအိုနေသောကြောင့် ဆန်းတက်စ လကလေးမှာ တိမ်လှိုင်းများအထဲတွင် ငုပ်ချည်ပေါ်ချည်ဖြစ်၍နေသဖြင့် ကောင်းစွာမှမသာနိုင်ဘဲ တစ်ချက်တစ်ချက်မျှသာ။ မီးယပ်သည်၏ မျက်နှာလို ဖြူရော်ရော်ဖြစ်ကာ ပေါ်လာပြီးလျှင် တွန့်တိုငြိုငြင်၊ မကြည်မရွှင်သာ အရောင်ကို လွှတ်ရှာလေ၏။

အနောက်တောင်ထောင့်ဘက်မှ ရက်ရက်ရောရော မမြင်နိုင်သော ဒီရေကြောပမာ စီးတက်၍လာသော လေသည်ကား မဥနှင့် ယောကျ်ားပျိုကလေး မှီ၍နေသော ခရေပင်ကို ဝင်ရောက်တိုးဝှေ့လျက်။ မမြင်နိုင်သော လက်မောင်းများနှင့် ဖက်ခါရမ်းလိုက်လေရာ အကိုင်းများသွက်သွက်ခါပြီးလျှင် ရေမှုန်များသည် ခရေပန်းပွင့်များနှင့်အတူ ရောယှက်ခါ လွင့်စင်ကျလေ၏။

ဌင်း ခရေပန်းတို့သည်ကား နှစ်ယောက်သော မိန်းမပျိုနှင့်

mgyoe.com

ယောကျ်ားပျို၏အပေါ်၌ ငြိမ်သက်စွာနားကြပြီးလျှင် အချစ်၏စကားများကို ငြိမ်သက်စွာ နားထောင်၍နေကြဟန် ရှိလေ၏။

"မဥရဲ့ နက်နက်နဲနဲ ခက်ခဲတဲ့အဘိဓမ္မာတွေကို မသုံးပါနဲ့ ကျုပ်နားမလည်လို့ပါ။ ကျုပ်နားလည်တဲ့ မွန်မြန်မာစကားကို အသားပါပါ ပြောစမ်းပါ၊ ပညတ်မှာ ဓာတ်သက်ပါတယ်ဆိုတာ ဓာတ်စာကို ပြောတာလား၊ ဓာတ်စာဖြစ်ရင် မီးယပ်အတွက်လား၊ ဒူလာအတွက်လား"

ဟု ဆိုးပေက ပြန်၍ပြောရင်း ခရေပင်ကို ဓားမြှောင်ဦးနှင့်ထိုးစိုက်ကာ ကလိ၍နေလေ၏။

"ယောကျ်ားများကို ဘယ်သူက ရှာရှာဖွေဖွေ သည်မြေကြီးပေါ်ကို ပို့လိုက်ပါလိမ့်မလဲ၊ လက်မနေနိုင်ခြေမနေနိုင်၊ ဘယ်တော့မှ ဂနာမငြိမ်ဘူး၊ သည်သစ်ပင်က ရှင့်ကိုဘယ်လိုများ နာနာကြည်းကြည်းလုပ်လို့ ဓားမြှောင်နဲ့ ကလိနေရတာလဲ၊ ကျွန်မပြောတာကို သေသေချာချာ ရှင် မစဉ်းစားလို့နားမလည်တာပေါ့၊ ရှင့်နာမည်နဲ့ ရှင့်အကျင့်နဲ့ မလိုက်ဘူးလား"

"သြော် ... သြော် ...ဒီလိုလား၊ နားလည်ပါပြီခင်ဗျာ၊ နားလည်ပါပြီ၊ ကျုပ် ဘာဆိုးလို့လဲ"

"ဘာဆိုးသလဲဆိုတာ ကျွန်မ ဘာပြောတတ်မလဲ၊ မကြာခဏ အမှုဖြစ်တယ်၊ ရိုက်သမှု နက်သမှု ပွဲထဲမှာ ဆူသမှုတွေဟာ ရှင့်လက်ချက်ဆိုတာ တစ်ရပ်လုံးသိတာပဲ"

"ဒီလောက်တောင်လည်း မဟုတ်ပါဘူး မဥရယ်၊ ကျုပ်ဟာ နာမည်ကြီးသလောက် ဆိုးတာလည်းမဟုတ်ပါ၊ ပုစွန်ဆိတ်ခေါင်းလို ဖြစ်နေတာပါ၊ ဒီသတင်းကို မဥ ယုံသလား၊ မြင်ရတာနဲ့ ကြားရတာ ဘယ်ဟာကိုပိုပြီး ယုံသလဲ"

"မြင်ရတာကို ပိုပြီးယုံရတာပေါ့"

"ဒီလိုဖြင့် ကျုပ်ဟာ တကယ်လူဆိုးနဲ့ တူသလား"

"မတူပါဘူးရှင့်၊ သူတော်ကောင်းကလေးပါ။ အင်မတန် သိမ်မွေ့တဲ့ ယောကျ်ားလေးပါပဲ"

mgyoe.com

mgyoe.com


ဆိုးပေသည် ဓားမြှောင်ကို ခါးထဲသို့ပြန်စိုက်ပြီးလျှင် မဥ၏လက်နှစ်ဖက်ကို ကိုင်ဆွဲကာ

"ကိုင်း ... မဥ တောင်တောင်မြောက်မြောက်နဲ့ စကားတွေများမနေနဲ့တော့၊ မကြာမီ မိုးများတောင် ရွာတော့မယ်။ ကျုပ်ခေါ်ရာကို တကယ်လိုက်မယ်မဟုတ်လား"

"ဘယ်တော့လဲ"

"မြန်မြန်လိုက်ရင် မြန်မြန်ပေါင်းရတာပေါ့၊ နှေးနှေးမှလိုက်ရင် နှေးနှေး ပေါင်းရတာပေါ့။ အခုညလိုက်ရင် အခုည ပေါင်းရမှာပဲ။ မင်းနဲ့ကျုပ်နဲ့နှစ်ယောက် သာဘိုးတို့တဲကိုရောက်ရင် ဘယ်လောက်ပင်မိုးတွေသည်းပေမယ့် ကိစ္စမရှိပါ။ ဘယ်လောက်ပင် လေတွေတိုက်ပေမယ့် မကြောက်ပါ၊ မိုးမမြင် လေမမြင်ဆိုတာ မင်းနဲ့ကျုပ် ညားကြပြီး အားရမယ့်မိတ်ကိုဆောင်တဲ့ စကားပေါ့မဥရဲ့။ မင်း ယခုညမလိုက်လျှင် ကျုပ်ဟာမိုးတွေလေတွေထဲမှာ တစ်ယောက်တည်းပြန်သွားရတော့မယ်။ မင်းအတွက်ဘယ်လောက်ကြိုးစားပြီး လာရသလဲဆိုတာ စဉ်းစားပါ။ မင်းမပါပဲ မိုးစိုစိုနဲ့ ပြန်ရမှာဖြစ်ရင် အိမ်ကိုရောက်ရင် တစ်ယောက်တည်း စိတ်ရောကိုယ်ရော ခိုက်ခိုက်တုန်အောင်ချမ်းပြီး နေတော့မှာပဲ မဥရဲ့၊ ဒီအတွက် မင်းကိုဖြင့် ယနေ့ည အမိအရကြံတော့မယ်လို့ စိတ်ကိုတင်းပြီး လာခဲ့တာပါ၊ ကျုပ်စောင့်ရတာလည်း ကြာလှပါပြီ၊ အခုတော့ မင်းမိဘများက ကျုပ်ကိုလူဆိုးရယ်လို့မပေးစားချင်ကြောင်း အတိအလင်းဖွင့်ပြောမှဖြင့် ကျုပ်လည်းမင်းကိုရအောင် အတိအလင်း ကြံရတော့မှာပဲ၊ လိုက်မယ်မလိုက်ဘူးဆိုတာကိုသာ ပြော့ပါတော့ မဥ"

ဟုပြောကာ သိမ်းပွေ့ယူပိုက် အသည်းခိုက်အောင် ကတိုက်ကရိုက်ဖျစ်ညှစ်၍ ထားလေ၏။

"အမယ်လေးတော် တကတည်း နာလိုက်တာ၊ ကျွန်မ နံရိုးတွေကျိုးကုန်ပါပြီ၊ အားသန်တိုင်း ဒီလိုဖျစ်ညှစ်ရသလား၊ သေ့ရောပေါ့ကိုဆိုးပေရဲ့ လွှတ်ပါဦး"

mgyoe.com

mgyoe.com

"လိုက်မယ် မလိုက်ဘူးဆိုတာကိုသာ ပြောပါ၊ မလိုက်ဘူးလား"

"ကျွန်မ စဉ်းစားပါရစေဦး ကိုဆိုးပေရဲ့၊ သည်လောက်တောင် မြန်လို့ မတော်ပါဘူး"

"လင်မယားယူတဲ့နေရာမှာ နှေးသည်မြန်သည် မရှိပါဘူး၊ အရွယ်ရောက်တာသာ မူလပါ၊ မင်း ကျုပ်ကို အမှန်ချစ်တယ်ဆိုတာ မငြင်းနိုင်ပါဘူး၊ မင်းနဲ့ကျုပ်ချစ်တာသာ မူလပါ၊ ကြာကြာဆိုင်းရင် ကြာရုံပဲရှိပါလိမ့်မယ်၊ ပဒုမ္မာကြာငုံဟာ အသည်းနဲ့တစ်ပြိုင်တည်း ရနံ့ကို လေမှာလွှဲပြီး အချိန်ကိုမဆွဲဘဲ ပန်းဝတ်ရည်ကို ကြဲပါတယ်၊ ဟောသည့် မင်းရင်ခွင်မှာရှိတဲ့ အချစ်လို့ခေါ်တဲ့ ပန်းတကာ့ထိပ်တင်ဟာ ရနံ့တွေဖြာတာလို ကျုပ်အမှန်သိပါရက်နဲ့ တမင်သက်သက် အပျက်အပျက်နဲ့ ရက်ကြာအောင် နေရာမှာဖြစ်ရင် ပန်းပွင့်ကျက်သရေကို ထိမ်ဂုက်ရာရောက်ပါလိမ့်မယ်၊ ပွင့်ချိန်တန်လို့ မပွင့်ရတဲ့ နှင်းပန်းငုံစွင့်စွင့်ဟာ အတွင်းမှာပိုးစားပြီး ပန်းဆီ ပန်းဝတ်တွေဟာ ခန်းခြောက်ယိုယွင်း ပျက်စီးခြင်းကို ရောက်တတ်ပါတယ်၊ ဟောဒီကျုပ်ရင်ခွင်မှာရှိတဲ့ ရတနာနှင့်နှင်းပွင့်ကလေးဟာ ခုပွင့် ချိန်တန်ပါပြီ၊ ဘယ်အတွက် တမင်ငုံပြီး လုံးလုံးကြီး ဖူးရန်နေပါသလဲ မဥရဲ့"

ဟုပြောကာ သိမ်မွေ့သောလက်ဖြင့် ယုယရှာလေရာ မဥသည် စကားပြန်မပြောနိုင်ဘဲ ပျော့ပျောင်းသောလည်တိုင်သည် ခွေယိုင်ကာ အသာစောင်းလျက် ဆိုးပေ၏ပခုံးထက်တွင် ငြိမ်သက်စွာတင်၍နေလေ၏။

ထိုအခါ နှစ်ယောက်စလုံး ဆိတ်ငြိမ်စွာ စကားကိုမပြောကြဘဲ အတန်ကြာစွာ နေကြလေ၏။ ထို့နောက် မဥက ...

"မတော်ပါဘူးကိုဆိုးပေ၊ အခုည ရှင်နဲ့လိုက်ပြီးပြေးမှဖြင့် မနက်ကျရင် တစ်ရပ်လုံး မေးငေါ့ကာ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ပြောကြတော့မှာတွေး၍ ကျွန်မကြောက်လှပါတယ်၊ ကျွန်မဟာ ဒီရွာမှာ ထင်ရှားတဲ့ သူကြီးသမီးပါ၊ အမျိုးဂုဏ်၊ အဆွေဂုဏ်ကို မငဲ့ရာရောက်ပါလိမ့်မယ်။ ဒီအတွက် သည်းခံပြီး တဖြည်းဖြည်းမှ နေရာကျအောင် ကြံစေချင်တာပဲ"

"တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ အေးတယ်လို့မရှိဘဲ မျက်နှာမွဲ နှင့်

mgyoe.com

mgyoe.com



စောင့်ဆိုင်းရတာ ရက်လတွေ ကြာလှပြီ၊ မဥ အခုည လိုက်ရင် လိုက်ပါ၊ မလိုက်ရင် မင်းကိုဒီဘဝမှာမခေါ်ဘဲ ဟိုဘဝရောက်အောင် ခေါ်ရပါလိမ့်မယ်"

ဟုပြောကာ ခါးမှ ဓားမြှောင်ကို ပြန်၍နုတ်ကာ မဥကို သာ၍တင်းစွာပွေ့ယူပြီး လက်တစ်ဖက်နှင့် ဓားမြှောင်ကို မဥ၏မျက်နှာအနီးတွင် ကပ်ကာ ကိုင်ထောင်၍ပြလေ၏။ ထိုအခါ မဥသည် ကြောက်အားနှင့် ရုန်းလေရာ

mgyoe.com

mgyoe.com

အားခြင်းမမျှ ရုန်းပြန်၍မရဘဲနေလေ၏။ ထိုအခါ ဆိုးပေက

"မရုန်းနဲ့မဥ၊ ရုန်းပေမဲ့အလကားပဲ၊ မင်းမလိုက်ဘူးလိုက်မယ် ကိုသာပြောပါ၊ ဟောဒီဓားမြှောင်ဟာ မင်းမိဘများမလိုက်နိုင်တဲ့ ဘဝကို မြန်မြန်ကြီးရောက်အောင် ပို့နိုင်တဲ့ ဓားစကြာဖြစ်ပါတယ်"

ဟု မဥ၏ မျက်နှာကို သေချာစွာကပ်၍ကြည့်ပြီး မီးရောင်တောက် သော မျက်လုံးများမှာ မျက်တောင်မခတ်ဘဲနေလေရာ မဥသည် ဆိုးပေ တကယ်ပြောကြောင်းကို ကောင်းစွာသိလျက်

"သေခြင်းသည် ကွေကွင်းခြင်းဖြစ်၏။ ရှင်ခြင်းသည် ပေါင်းသင်း ခြင်းဖြစ်၏၊ သေပြီးနောက် မြေအောက်သို့ရောက်ရမည်၊ မသေလျှင် လင်အောက်သာ ရောက်ဖို့ရှိသည်၊ တုံးအောက်ကိုဝင်လျှင် တုံးပိလို့သေ မည်၊ လင်သားအောက်ကို ကျို့လျှင် လင်ပိ၍ မသေ၊ ချီးမွမ်းရင် ၇ ရက်၊ ကဲ့ရဲ့ရင် ၇ ရက် မသေမီပေါင်းကြရတာ၊ မပေါင်းဘဲနေသောကြောင့် သေမင်းက ရက်ပိုပေးမည်မဟုတ်၊ ရက်တွက်လိုလည်း ဖြေမည်မဟုတ်၊ ဘယ်လိုပဲဖြစ်ဖြစ် လိုက်ပါတော့မည်"

ဟု သဘောပိုက်ကာ မောင်ဆိုးပေ၏ မျက်နှာကို စိုက်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်လေ၏။

* * *

မနက်ဖြန်မိုးသောက်သောအခါ ရွာတစ်ရွာလုံး၌ တီးတိုးစကား ပြောကြလေ၏။ မုဆိုးမတစ်ခုလပ်တို့သည် အမယ်ကြီးများနှင့်ဝိုင်းဖွဲ့ကာ မဥနှင့်ဆိုးပေအကြောင်းကို ပြောကြလေ၏။ အပျိုကလေးများသည် တစ်အိမ်တက် တစ်အိမ်ဆင်း ကိုဆိုးပေကြီးနှင့် မဥထွက်ပြေးသည့် အကြောင်းကိုပင် ပြောကြလေ၏။ မဥ၏မိခင်သည်ကား ဆန့်ငင်ဆန့်ငင် နှင့် တက်၍နေလေ၏။ အိမ်နီးပါးချင်းတို့သည် ကွမ်းရွက်များနှင့် နှာနပ် ကြလေရာ သတိရလတ်သော် ကြမ်းခင်း၍ထားသည့်ပမာ ရင်ဘတ်၌ ကျိုးတိုးကျဲတဲရှိသော နံရိုးများကို ပိန်ကြုံသောလက်ချောင်းများနှင့်

mgyoe.com

mgyoe.com

တဖြောင်းဖြောင်း တီးခတ်လေ၏။ ထိုအကြောင်းကို ဆိုးပေ၏မိဘ ဆားကုန်သည် လင်မယားတို့ ကြားကြသောအခါ မိခင်က

"တယ် ငါ့သားကို သူတို့က မရာမတန် ထင်ရတန်သလား"

ဟု ဒေါသအမျက်ချောင်းချောင်းထွက်ပြီးလျှင် သားဂုဏ်ရောက်ကာ ထဘီကိုစွန်တောင်ဆွဲပြီး ဝဲပျံ၍သွားလေ၏။ သူကြီးအိမ်ရှေ့သို့ရောက် သောအခါ ဂုဏ်ကိုဖော်ကာ ရန်တွေ့လေရာ နှစ်ဖက်စလုံးဆူပွက်၍ ထကြ လေ၏။ တစ်ရွာလုံးမှာလည်း ဆပ်ကပ်ပွဲရောက်သည်ထက် ပျော်စရာ ကောင်းသော ရန်ပွဲကိုကြည့်ကြရသောကြောင့် စိုစိုပြည်ပြည်ဖြစ်ကာ တပျော်တပါးကြီး ဖြစ်နေလေ၏။

ငင်းနောက် ကလေးနှစ်ယောက်ကို လိုက်လံရှာဖွေ၍ စုံစမ်းမေးမြန်း ကြလေရာ တနင်္ဂနွေတစ်ပတ်လောက် ကြာသောအခါ သာဘိုး၏တဲ၌ တွေ့ကြလေ၏။ ထိုအခါ တစ်ဖန် မိန်းကလေးမှာ ဆံပင်ဖားလျားချလျက် ကပိုကရိုလိုက်ပါ၍ လာရလေ၏။ ယောကျာ်းကလေးမှာ သျှောင်ကို တစောင်းထုံးလျက် လူစုထဲတွင် ရော၍လိုက်ပါလေ၏။ အကြောင်းမူကား လိုက်လံရှာဖွေသူတို့သည် အတော်ပင် များပြားကြလေ၏။ ဆံပင်ဖားလျား နှင့် မိန်းကလေးမှာ သန်းခေါင်ဆက်ညဉ့်မနက်ဟု သဘောပိုက်ကာ ရဲတင်း သောမျက်နှာနှင့်ခပ်စူစူ ခပ်ဆောင့်ဆောင့်လူစုရှေ့တွင် မည်သူနှင့်မျှ စကား မပြောဘဲလိုက်ပါ၍လာလေရာ ယောကျာ်းပျိုမောင်ဆိုးပေမှာမူ ပြုံးကာ ရယ်ကာ ပြောဆိုကာနှင့်ဆေးပေါ့လိပ်ကို တစ်ခါခါဖွာလျက်ပါလာလေ၏။

ရွာသို့ ရောက်ကြပြီးနောက် လူကြီးချင်း နှီးနှောစေ့စပ်ကြရာတွင် သဘောချင်းမမျှကြသဖြင့် ယောကျာ်းကလေးနှင့် မိန်းမကလေးသည် အသီးသီး မိမိတို့၏အိမ်သို့ပြန်၍ နေကြလေ၏။

မောင်ဆိုးပေသည်ကား အတင်းပြန်၍ခိုးမည်၊ သူကြီးအိမ်ကို အန ကြမ်းစီးမည်၊ အိမ်နောက်ဘေးက ကောက်ရိုးပုံကို မီးနဲ့ရှို့မည်၊ သူကြီးမွေး ထားသော မြင်းကို ပြန်ပေးလုပ်မည်၊ မဥကို အတင်းဆွဲ၍ခေါ်ပြီး လှည်း ပေါ်မှာတင်၍ မောင်းမည်စသည်ဖြင့် ကြိမ်းမောင်းကာ ဓားမြှောင်တစ်လက်

mgyoe.com

mgyoe.com

နှင့်ရွာရိုးကို နေ့ရော ညရော လျှောက်လျက် ကာလသားအပေါင်းအဖော်တို့နှင့် ညအခါများတွင် တေးသံကလေး ပစ်ခါနေလေ၏။ နေ့အခါများ၌ သူကြီးအိမ်နှင့် မျက်စောင်းထိုးအိမ်တစ်အိမ်၌ထိုင်ကာ မဥကိုသာစောင့်မျှော်ကြည့်၍နေသောကြောင့် ·မဥ၏မိဘများသည် များစွာစိတ်မချနိုင်ဘဲ တထိတ်ထိတ်နှင့် နေကြရလေ၏။ သို့သော်လည်း သူကြီးသည် စိတ်အားမငယ်ဘဲ ဒီအကောင်ကို ငါအဘယ်ပုံကြံပြီး ထောင်ချရပါ့မလဲ ဟူသောအကြံကိုသာ ကြံစည်ကာနေလေ၏။

ညတစ်ည၌ ဆိုးပေသည် အဖော်များနှင့် လည်ပတ်ပြီးနောက် အဖော်အသီးသီးတို့ မိမိတို့အိမ်များကို ဝင်ကြသောအခါ မိမိမှာတစ်ကိုယ်တည်းအိမ်ကို ပြန်ရလေ၏။ ထိုကဲ့သို့ ပြန်ရာလမ်းသည် အတော်မှောင်သောကြောင့် အချိန်လည်း ညဉ့်နက်သည်နှင့် မဥ၏အိမ်ရှေ့သို့ ရောက်သောအခါ ဖော်ကွာဝေးသီချင်းကို စ၍ဆိုလေသည်။ တေးအဆုံး၌ နောက်ကခြေသံလိုလို ကြားရသောကြောင့် ထိတ်ခနဲဖြစ်ပြီးလျှင် ဓားမြှောင်ကိုခါးမှထုတ်ကာ တွေဝေ၍ရပ်ပြီးလျှင် နောက်သို့လှည့်၍ကြည့်နေလေ၏။ ယင်းကဲ့သို့ ကြည့်လေရာ တစ်စုံတစ်ရာကိုမျှ မမြင်ရသောကြောင့် အကာလညအခါမှာ နာနာဘာဝ တစ္ဆေများ ခြောက်လှန့်ကစားလေသလားဟု တွေးထင်လျက် လေထဲသို့ ဓားနှင့် တစ်ချက်နှစ်ချက်ဝင်ပြီးလျှင် ဣတိပိသော စသည်တို့ကို ရွတ်ဆိုလျက် လျှောက်သွားလေ၏။

ထိုသို့ လျှောက်သွားရာ၌ပင် ကြက်သီးတွေ ဖြန်းခနဲထပြီး မိမိနောက်နား၌ အသံလိုလိုကြားရပြန်သောကြောင့် တစ်ဖန် ထိတ်လန့်ကာ ဓားကိုကိုင်လျက် နေရာသို့ ချာခနဲလှည့်ကြည့်နေလေ၏။ ထိုကဲ့သို့ ကြည့်နေခိုက်တွင် မနီးမဝေး အိမ်တစ်အိမ်မှ ဗြုန်းဗြုန်းဒိုင်းဒိုင်းလှုပ်ရှားသံနှင့် "သူခိုး ... သူခိုး" ဟူသော အသံကြားရလေရာ ဆိုးပေသည် တွေဝေငေး မောကာ သူခိုးပြေးလွှားသည်ကို မြင်လေမလားဟု ကြည့်ရှုနေလေ၏။ ထိုခဏချင်းတွင် မှောင်ရိပ်ထဲမှ တုတ်များကိုကိုင်၍ ထွက်လာသော လူတစ်စုသည် "ဖမ်းဟေ့ ဖမ်းဟေ့ မပြေးနဲ့ သူခိုး အသေပစ်လိုက်မယ်၊ နှစ်

mgyoe.com

ဖက်ချွန်နဲ့ ပေါက်လိုက်မယ်" စသည်ဖြင့်ပြောရင်း ဆိုးပေရှိရာသို့ အတင်းပြေးလာကြပြီးလျှင် ဆိုးပေ၏ခေါင်းကို တုတ်နှင့်ရိုက်လေရာ ဆိုးပေသည် မြေပေါ်သို့ ထိုး၍လဲကျသွားလေ၏။ သတိရသောအခါ နိုးရာပါပစ္စည်းများနှင့်တကွ ဆိုးပေသည် တစ်ခုသောအိမ်သို့ ရောက်၍နေလေ၏။ ဆိုးပေသည် ဤခိုးဝှက်မှုနှင့် မိမိ တစ်စုံတစ်ရာမပတ်သက်သော်လည်း မိမိမှာ တစ်ယောက်တည်းဖြစ်၍ သူခိုး သူခိုးဟု အော်သံကြားပြီးနောက် ပစ္စည်းနှင့်တကွ လမ်းမှာမိသည်ဟု ထွက်ဆိုသောသက်သေတွေ အတော်များသဖြင့် ငြင်းဆန်ခုခံခြင်းငှာ မစွမ်းနိုင်ဖြစ်လေသတည်း။ သို့သော်လည်းအကြံသည် သူကြီးနှင့်တကွ မိမိကိုမုန်းထားသော သူတို့၏ အကြံဖြစ်ကြောင်းကို ကောင်းစွာသိလေ၏။

ထို့နောက် လက်ပြန်ကြိုးတုပ်ကာ ကြိုးများနှင့် သူကြီးအိမ်သို့ ပို့ဆောင်ကြလေရာ သူကြီးအိမ်သို့ရောက်သောအခါ အိမ်ရှေ့၌ထုတ်ထားသောလက်နက်၊ မီးတုတ်မီးတိုင်၊ လေး၊ လှံ ပေါက်တူးကိုကိုင်ကာ စားပြကိုလက်ရဖမ်းခဲ့ရကြသောဟန်ပန်မျိုးနှင့် စုရုံးဆူညံ၍နေကြသော သူတို့၏ ရှေ့တွင် မြေပေါ်၌ထိုင်၍နေရလေ၏။ မဥသည် သူခိုးတစ်ယောက် မိလာသည်ဟုကြားရသောအခါ အိပ်ရာမှ ပျာယိပျာယာထ၍ကြည့်လေရာ မီးရောင်အောက်၌အထင်းသားပေါ်နေသူ ရှေ့ကြိုးနောက်ကြိုးများနှင့် တရားခံကို မြင်ရသဖြင့် မူးမိုက်ကာ မတ်တတ်က လဲတော့မလို ဖြစ်သွားပြီးနောက်

"အမယ်လေး ... ကိုဆိုးပေရဲ့"

ဟု အော်ကာ အိမ်အောက်ဆင့်မှ ခုန်၍ချပြီး အတင်းပြေးကာ ဆိုးပေကို ဝင်၍ဖက်လေ၏။

"ကိုဆိုးပေ၊ ရှင် သူခိုးမဟုတ်ဘူးဆိုတာကို ကျွန်မ သိပါတယ်။ ရှင့်ကို မတရားကြံကြတာပါပဲ"

ဟု ငိုရှိုက်ကာ ပြောလေ၏။ ဆိုးပေသည်ကား တစ်စုံတစ်ရာကိုမျှ ပြန်၍မပြောဘဲ လက်ပြန်ကြိုးများ တုပ်ထားသောကြောင့် ပွေ့ဖက်ခြင်းကို

mgyoe.com

လည်း မပြုနိုင်သဖြင့် ခံ့ညားရဲရင့်သော မျက်လုံးများနှင့် မဥကိုကြည့်ကာ

"မဥ တစ်ကမ္ဘာလုံးက ကျုပ်ကို ဘယ်လိုပင် စွပ်စွဲစေကာမူ ကိစ္စမရှိပါ။ မင်းစွပ်စွဲမှာကိုသာ စိုးပါတယ်။ ကျုပ်ကို မတရားကြံစည်ကြကြောင်းကို မဥသိရင် တော်ပါပြီ။ မဥ တကယ် ကျုပ်သူခိုးမဟုတ်ဘူးဆိုတာကို ယုံကြည်ရဲ့လား" ဟု မေးလေ၏။

"ယုံကြည်ပါတယ် ကိုဆိုးပေရဲ့၊ ရှင်ဆိုးတဲ့နေရာမှာ ဆိုးပေမဲ့ သူခိုးမဟုတ်ကြောင်းကို ကျွန်မ ကောင်းကောင်းယုံကြည်ပါတယ်"

ဟုပြောခိုက် သူကြီးကတော်သည် ထဘီကို စွန်တောင်ဆွဲကာ ရွှေလင်းတမင်း ပျံဝဲသည့်ပမာ အိမ်အောက်ထပ်မှ မြေပေါ်သို့ လွှားခနဲခုန်ချပြီး မဥ၏ဆံပင်ကိုကိုင်ကာ မြေသို့တရွတ်တိုက်၍ ဆွဲခေါ်လေ၏။ ထို့နောက် ဆိုးပေကို ချက်ချင်းဂါတ်သို့ပို့ရန် သူကြီးက အမိန့်ပေးသဖြင့် ဂါတ်သို့ ယူဆောင်ကြလေရာ မဥသည် အိမ်ပေါ်က ခုန်၍ဆင်းမည်ဟု တကဲကဲ ရုန်းရင်းဆန်ခတ်ပြု၍နေသောကြောင့် အိမ်နီးချင်းမိန်းမများနှင့်အတူ မိခင်သည် အတင်းဆွဲကိုင်၍ ထားရလေ၏။ မဥမှာမူ ၃၇ မင်း နတ်ဝင်ပူးသလို တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍နေလေ၏။ မောင်ဆိုးပေသည်ကား အဖြစ်အပျက်ကို လှည့်ပြန်ကာကြည့်ရင်း ဝေး၍သွားပြီးလျှင် ကွင်းတဲ၌ ပျောက်သွားလေရာ မီးရောင်များနှင့် မထင်မရှားသော အခြားလူတို့၏ သဏ္ဌာန်များကိုသာ တွေ့ရလေ၏။ ဂါတ်မှတစ်ဆင့် ရုံးသို့ရောက်သောအခါ ရက်ပေါင်းမကြာမီ ထောင်ဒဏ်သုံးနှစ် အပြစ်ပေးခြင်းကို ခံရလေ၏။

* * *

"မေမေ့သားကြီး မသောက်မစားနဲ့နော်၊ မင်းနားခစား ကမ်းနားသစ်ပင်တဲ့၊ ရာဇဝတ်ဘက်မှာ အမှုထမ်းရတဲ့ လူများဟာ အင်မတန်ကြီးရောင်ကြဉ်နိုင်မှတော်တယ် မေမေ့သားရဲ့၊ မင်းမှာ ဖခင်လည်း အားကိုးစရာမရှိ၊ ဘိုးဘွားလည်း မရှိ၊ သေဆုံးကုန်ကြပြီ၊ အခု ကိုယ်ဒူးကိုယ်ချွန်ဆို

mgyoe.com

mgyoe.com

သလို ကြိုးစားလာလိုက်တာ မေမေ့သား အသက်နှစ်ဆယ်မျှ ရှိသော်လည်း ဆပ်အင်စပိတ်တော်ဖြစ်နေပြီ။ နောင် ကြီးမြင့်ဖို့ လမ်းအခွင့်တွေ အင်မတန်ရှိပါသေးတယ်။ လူပေါင်းသူပေါင်းကို သတိထားပါ။ ဒီပုသိမ်မြို့ဟာ သူတစ်ပါးမြို့လည်းဖြစ်တယ်၊ မေမေဟာ သားလုပ်စာကို စားချင်လို့ မင်းနောက်ကို လိုက်နေတာ မဟုတ်ပါဘူး၊ မေမေ စိတ်မချနိုင်လွန်းလို့ လိုက်နေရတာပါ၊ မေမေ့မှာ သားမှတစ်ပါး ဘယ်သူ့ကိုမှ အားကိုးဖို့ မရှိပါဘူး"

ဟု ယူနီဖောင်း၊ ခေါင်းပေါင်းနီ၊ ရဲစင်းပုဆိုးတို့ကို ဝတ်ဆင်ကာ ထိုင်၍နေသော ယောကျ်ားပျိုကလေး၏ ဦးခေါင်းကိုင်ကာ ဒေါ်ဥသည် ပြောရင်းဆိုရင်းနှင့် ယောကျ်ားပျို၏ မျက်နှာကိုကြည့်ရင်း ကွေကွင်းသူလင်သားဦးဆိုးပေကို သတိရပြီး ဦးဆိုးပေနှင့် နဖူးရေ ဒူးရေ လွန်စွာတူသော သားကို ကြည့်ရှု၍မဝနိုင်အောင် ရှိလေ၏။

၎င်းသားအမိသည် တစ်ရပ်တစ်ရွာမှ ပုသိမ်မြို့သို့ ပြောင်းရွှေ့၍ လာသူများဖြစ်ကြသည်။ ဆပ်အင်စပိတ်တော် မောင်ကွန်း ...

"စိတ်သာချပါ မေမေရယ်၊ ကျွန်တော် ဒီလောက် မမိုက်ပါဘူး၊ ကျွန်တော့်အစွမ်းနဲ့ ကျွန်တော် အခုလိုဖြစ်လာနိုင်ရင် နောင် ဒီထက်ကြီးမြင့်ဖို့ရာ ရှိပါတယ်၊ အခုတလော ပုသိမ်နယ်ထဲမှာ မကြာခဏ တိုက်နေတဲ့ဓားပြများကိုမိမယ်ဆိုရင် ကျွန်တော်ငယ်ပေမဲ့ အင်စပိတ်တော်ကြီးတစ်ယောက် ဖြစ်နိုင်ပါတယ် မေမေရဲ့၊ ကျွန်တော့်အတွက် မပူပါနဲ့၊ မနက်ဖြန်ကာ ကျွန်တော် ပတ်တရောင်တပ်တစ်တပ်နဲ့ လိုက်ရပါလိမ့်မယ်"

ဟု ပြောလေ၏။

"လိုက်မှပေါ့သားရဲ့၊ သူ့ဆန်စား ရဲမှတဲ့၊ ကြောက်ရင်လွဲ၊ ရဲရင်မင်းဖြစ်သတဲ့၊ မေမေ သူများမိခင်လို စိတ်ပျော့တဲ့မိန်းမ မဟုတ်ပါဘူး။ သို့သော်လည်း သတိတမဲ့ ဉာဏ်မြေကတုတ်တဲ့ သားရဲ့၊ မောင်လည်းအလိမ္မာသားကပဲ၊ မေမေ အထူးပြောစရာ မရှိပါဘူး"

ဟု ပူပန်သောစိတ်ကို အရိပ်အမြွက်မျှမပေါ်ရအောင် ချုပ်တည်းကာ ပြောရှာလေ၏။

mgyoe.com

ထို့နောက် ခဏကလေး ဆက်လက်စကားပြောကြပြီးလျှင် မောင်ကွန်းသည် မိမိ၏ အလုပ်တာဝန်ရှိရာသို့ သွားလေ၏။ နောက်တစ်နေ့၌မောင်ကွန်းသည် မိခင်ကို နှုတ်ဆက်ပြီးလျှင် ပုသိမ်မြို့နှင့် အတန်ကလေးဝေးသော ချောင်းကြိုမြောင်းကြား ကျေးရွာတစ်ရွာသို့ ဓားပြများလာရောက်တိုက်ခိုက်မည်သတင်းရသောကြောင့် နောက်ပါ ပန်ချာပီ ပုလိပ်များနှင့် ထွက်သွားလေ၏။

ထိုအခါသည် နတ်တော်ပြာသိုလအခါဖြစ်၍ ဓားပြများထ၍ကောင်းသောအခါဖြစ်လေ၏။ ဆပ်အင်စပိတ်တော် မောင်ကွန်းသည် မိမိတို့မှန်းထား၍လာသော ရွာအနီးသို့ မွန်းလွဲအချိန်ဆိုက်ရောက်၍ လာသောအခါ ရွာအဝင်၌ တစ်ဦးတည်း လွတ်လပ်စွာတည်ရှိသော အိမ်တစ်အိမ်ကို မြင်ကြရသဖြင့် ရွာထဲသို့မဝင်ဘဲ စစ်ဘာရီကုလားများကို တောတစ်ခု၌ ပုန်းအောင်း၍နေစေပြီးနောက် မိမိနှင့်အတူ ပုလိပ်သားများမှာ ခရီးသွားဧည့်သည်ဟန်ဆောင်၍ ထိုအိမ်သို့ ဝင်ရောက်ကြလေ၏။

အိမ်သို့ ဝင်ရောက်သောအခါ အသက် ၁၈ နှစ်ခန့်ရှိသော အလွန်တရာလှသော မိန်းမပျိုကလေးတစ်ယောက်ကို တွေ့ရလေ၏။ ၎င်းမိန်းမပျိုကလေးသည် ဧည့်သည်များကို မြင်ရသောအခါ ရှက်ကြောက်သောအမူအရာနှင့် ..

"ဘာအလိုရှိပါသလဲ ရှင်"

ဟု သာယာသောအသံနှင့် မေးလေ၏။ မောင်ကွန်းသည် အလွန်တရာမြို့ဆန်၍ ယဉ်ကျေးသိမ်မွေ့ လှပဖြူစင် ရှုတိုင်းယဉ်သော အိမ်သူမကလေး၏ မျက်နှာကိုစိုက်ကြည့်ရင်း ရုတ်တရက် စကားပြန်၍မပြောနိုင်အောင် ရှိနေပြီးမှ ...

"ကျုပ်တို့ ပုသိမ်မြို့ကပါ၊ စပါးပွဲစားများဖြစ်ပေတယ်၊ ယနေ့တော့ လုပ်ငန်းကိစ္စလည်း ပြီးတာနဲ့ တခြားအဖော်တစ်ယောက် နှစ်ယောက်တို့ကို စောင့်ရင်းဆိုတာလို ခေတ္တတည်းခိုဖို့ ဝင်လာတာပဲ၊ မင်း ဒီအိမ်ရှင်သမီးပဲလား"

mgyoe.com

mgyoe.com


"မှန်ပါတယ်၊ ကျွန်မ အရီးကို ခေါ်လိုက်ပါရစေဦး"

ဟုပြောပြီးနောက် ဘေးသို့ထွက်သွားလေ၏။ ၎င်းထွက်သွားခိုက်တွင် အိမ်၏အခြေအနေကို ကြည့်လိုက်သောအခါ ကြက်သံ၊ ဘဲသံတွေကို ကြားရသဖြင့် "ဒီအိမ်မှာ ထားပုံ သိုပုံကတော့ မြန်မာအိမ်နဲ့တူပါရဲ့၊ ဒီကြက်တွေ ဘဲတွေကတော့ ကရင်အိမ်၊ တရုတ်အိမ်လို့ မှတ်ထင်လောက်အောင် ဖြစ်၍နေတာပဲ"

ဟု စိတ်ထဲ၌တွေးတောကာ မောင်ကွန်းနှင့် အဖော်များ တစ်ယောက်နှင့်တစ်ယောက် စကားပြောနေကြရာ တစ်ယောက်သော ပုလိပ်သားက

"ဝမ်းဘဲမွေးတွေ၊ ကြက်မွေးတွေ အနံ့အပြား ၄က်ပျောဖူးပုလင်းကြီးကလည်း တောင်ပစ်ထား မြောက်ပစ်ထားနဲ့၊ သည်အိမ်ရှင်ဟာ မြန်မာဖြစ်ပေမဲ့ တော်တော်တေပေပြီး သောက်သောက်စားစားနေတဲ့ လူနဲ့တူတယ်၊ သူငယ်မလေးမျက်နှာကတော့ အင်မတန် ဝမ်းနည်းပုံရတာပဲ၊ ဘယ်လိုလူလဲဆိုတာကို တွေ့ရရင် သိရမှာပဲ"

ဟု ပြောလေ၏။

ထိုအခိုက်တွင် အသက်ငါးဆယ်ကျော်ကျော်ခန့်ရှိသော မိန်းမကြီးတစ်ယောက်နှင့် မိန်းမပျိုကလေးသည် ၎င်းတို့ဆံသို့ ရောက်လာပြီးလျှင် နှစ်ယောက်စလုံး ဝမ်းမြောက်ဝမ်းသာ ညှော့ခံစကားပြောဆိုရာ မိန်းမကြီးနှင့် မိန်းမပျိုမှာ အထူးစိတ်လက်ရွှင်လန်းကြသကဲ့သို့ မှတ်ထင်ရလေ၏။ မောင်ကွန်းသည် ဟောင်းနွမ်းသောအိမ်၊ ခြောက်သွေ့သောနေရာ၊ မယာမယာသော အခြေအနေတို့ကို ကြည့်ရှုကာ ညှိုလှပသော မိန်းမပျိုကလေးသည် ညှိနေရာနှင့်အနည်းငယ်မျှ မအပ်စပ်ပါတကား။ အလွန်တရာမှစိတ်လက်ဆင်းရဲရှာမှာတကား။ အဘယ်ပုံနေရှာပါလိမ့်မလဲ စသဖြင့် တွေးတောကာသနားလေ၏။ သနားရာက ချစ်စပြုလေရာ မျက်လုံးချင်း မကြာခဏဆိုင်မိကြလျက် အပျက်ပျက်နှင့် အချစ်သွေးတက်ပြီးလျှင် နှစ်ယောက်စလုံးတို့၏ ရင်ဝမှာ လှိုင်းဂယက်ဖြာ၍လာလေ၏။ ထို့နောက် ဆက်လက်၍ စကားပြောကြရာ သူငယ်မကလေး၏အမည်မှာ ချစ်ချစ် ဖြစ်ကြောင်း၊

mgyoe.com

၎င်း၏အရီးမှာ မချစ်မိခင်၏ အစ်မဖြစ်ကြောင်း၊ မချစ်မှာ ဖခင်အရင်းမရှိ၊ ပထွေးသာရှိ၍ ယခု ပထွေးနှင့်အတူနေရကြောင်း၊ ဒီအတွက် စိတ်ချရအောင် အရီးကလာ၍စောင့်ရှောက်နေရကြောင်း၊ ပထွေးမှာမူ အလွန်တရာ ခရီးလမ်းများ၍ အိမ်ကိုတစ်ခါတစ်ခါသာလာကြောင်း စသည့်အကြောင်း များကို သိရသောအခါ မချစ်၏ အခြေအနေသည် မိမိ ထင်မြင်သည်ထက် ပို၍ပင် သနားစရာဖြစ်ကြောင်း သိရသောအခါ ဤသူငယ်မကလေးကို မူလ သနားသည်ထက် ပိုမိုသနားရှာလာလေ၏။

ထို့နောက် စကားလက်ဆုံကျသောကြောင့် အဖော်ပုလိပ်သားနောက်ပါတို့သည် မိမိတို့ဆရာ၏အကဲကိုသိလျက် တစ်ယောက်ကို တစ်ယောက် လက်ကုပ်ပြီး တော်ရာသို့ ရှောင်ရှား၍ အနီးအပါးရှိ ချောင်းကမ်းပါးသို့ လျှောက်သွားကြလေ၏။ မောင်ကွန်းမှာမူ စကားပြော၍ အတန်ကြာသောအခါ ဤပျင်းရိဖွယ်သော နေရာကို မိမိ၏စိတ်၌ နတ်ဘုံနတ်နန်းကဲ့သို့ မှတ်ထင်မိလေ၏။ မချစ်၏ ရူပါရုံသည် မြင်ရသမျှသော အရာဟူသမျှတို့ကို ထူးခြားသောအဆင်းဖြင့် ချက်သကဲ့သို့ မှတ်ထင်ရလေရာ အချိန်သည် .လွန်မှန်းမသိ လွန်သွားလေလျှင် မနည်းကြီး နေစောင်း၍ သွားလေ၏။

ထိုအခါ ပုလိပ်သားများသည် ပြန်၍ရောက်ကြလေရာ နေချိုသဖြင့် "အေးအေးလျှောက်ကြစို့ရဲ့" ဟု ပြောကြသောကြောင့် မောင်ကွန်းသည် စကားပြော၍မှ မဝသေးမီ နှုတ်ဆက်၍ ထွက်ခဲ့ရလေ၏။ သို့ထွက်ခဲ့ရာ ၌ နောက်သို့ တစ်ချက်နှစ်ချက် လှည့်ပြန်ကာ ကြည့်မိလေရာ မိမိကို မျှော်ကာကြည့်ရင်း တိုင်ကိုမှီ၍ နေရရှာသော မချစ်ကိုမြင်ရသောကြောင့် ပြုံးလျက် "သွားတော့မည်" ဟု လက်ပြရာ မချစ်က ဝမ်းနည်းသောမျက်နှာနှင့် ခေါင်းညိတ်လိုက်၏။

မောင်ကွန်းသည် ထိုအိမ်မှ ထွက်လာပြီးနောက် ဘောထဲ၌ချောင်း၍နေပြီးလျှင် ရွာသို့ တိုက်ရန်လာမည်ဟု သတင်းရရှိသောနေရာမှ စောင့်၍နေရာ .ညဉ့်ဆယ်နာရီအချိန်ခန့် ကျသောအခါ တီးတိုးစကားပြောကြ

mgyoe.com


သော လူသံ ခြေသံများကို ကြားရလေ၏။ တစ်ခါတည်းဆီး၍ ပစ်ခတ်လေလျှင် ဓားပြအနက် နှစ်ယောက်သုံးယောက်သာ ကျန်ရစ်၍ ကြွင်းသော ဓားပြတို့သည် ပြေးကြလေရာ လိုက်လံပစ်ခတ်ကြလေ၏။ ထို့နောက် လဲ၍နေသော ဓားပြများကို ကြည့်လေရာ အချို့မှာ ခြေလက်ကိုထိမှန်၍ နေကြလေ၏။ အချို့မှာ ပခုံးကိုထိမှန်သည်ကို သိရှိလေ၏။ မောင်ကွန်းသည် ၎င်းတို့ကို ဖမ်းဆီးပြီးလျှင် တောစခန်းတစ်ခုသောနေရာ၌ ၎င်းတို့ကို သေချာစွာကြည့်ရှုစစ်ဆေးမေးမြန်းလေရာ ရွှေဆိုးဟုခေါ်သော ဓားပြကြီးကိုမြင်ရလေလျှင် အခြားသောဓားပြများထက် ပိုမိုသနားသကဲ့သို့ဖြစ်သော မိမိ၏ရှေ့၌ပတ်ကာ ရှိခိုးနေသည်ကိုပင် မကြည့်နိုင်ဘဲ ...

"ဆရာကြီး ရှိမခိုးပါနဲ့၊ ခင်ဗျား ချမ်းသာသလို နေထိုင်ပါ"

ဟု ပြောလေ၏။

ထို့နောက် ၎င်းတို့ကို ယူဆောင်ပြီးလျှင် ညတွင်းချင်း ပုသိမ်သို့ သွားလေရာ ဂါတ်တဲသို့မရောက်မီ မောင်ကွန်းသည် မိမိချမ်းချမ်းသာသာ ဓားပြများကို မိ၍လာကြောင်း မိခင်အားပြောပြလိုသဖြင့် ဂါတ်တဲသို့သွားရာလမ်းနှင့် ကြုံ၍နေသော မိခင်၏အိမ်ကိုခေတ္တဝင်ပြီး တံခါးကိုတီးခေါက်ကာနှိုးလေ၏။ မိခင်သည် တံခါးကိုဖွင့်၍ ကြည့်လေရာ မိမိ၏သားဖြစ်သူကို တွေ့ရှိရသဖြင့် ...

"သြော် ... မေမေ့သား ချမ်းချမ်းသာသာ ပြန်လာမှကိုး"

ဟု ပြောကာ သား၏မျက်နှာကို ဝမ်းမြောက်ဝမ်းသာ ကြည့်လေ၏။ မောင်ကွန်းက ...

"ဓားပြများလည်း ပါလာတယ်"

ဟု ပြောကာ အိမ်ရှေ့၌ စု၍ရပ်နေသူ ပုလိပ်သားများရှိရာသို့ ဆင်း၍ သွားလေ၏။ မောင်ကွန်းသည်ကား လက်နှိပ်ဓာတ်မီးနှင့် ဓားပြများ ၏ မျက်နှာကိုထိုး၍ပြရာ ဒေါ်ဥသည် သေချာစွာကြည့်လျက် ...

"ဓားပြရပ်ရေကတော့ သူလိုငါလိုပါပဲကလားကွယ်"

ဟုပြောလေ၏။ နောက်ဆုံး ဓားပြကြီးတစ်ယောက်၏ မျက်နှာကို

mgyoe.com

ဓာတ်မီးနှင့် ထိုးကြည့်လေရာ မဥသည် တွေဝေငေးမောရှိ နေလေ၏။ ဓားပြကြီးဆိုးပေသည်ကား ပေါင်၌ထိသောဒဏ်ရာမှ သွေးတွေလွန်စွာ ကျသဖြင့် ရှုံ့မဲ့ကာနေသော်လည်း ဒေါ်ဥသည် ငယ်ငယ်ကသိဖူးသော သဏ္ဌာန်ကို မမေ့နိုင်ဘဲ မြင်လျှင်မြင်ချင်း သိရှိရိပ်မိလေ၏။ ဆိုးပေသည်ကား မဥ၏ မျက်နှာကို မကြည့်ဘဲနေလေ၏။ မောင်ကွန်းသည် ဓာတ်မီးကို ရုတ်သိမ်းကာ တခြားတစ်ယောက်၏ မျက်နှာကို ထိုးကြည့်မည်ပြုလေရာ ဒေါ်ဥက မောင်ကွန်း၏ လက်မောင်းနှစ်ဖက်ကို ကိုင်ကာ...

"အမယ်လေး သားရဲ့၊ မင်း ဘာကိုလုပ်ခဲ့သလဲ"

ဟု များစွာလှုပ်ရှားသောအသံနှင့် ပြောလေရာ မောင်ကွန်းသည် ထိတ်လန့်ခြင်းဖြစ်ကာ မိခင်၏မျက်နှာကို ဓာတ်မီးနှင့်ထိုး၍ကြည့်လေ၏။ ထိုအခါဆိုးပေသည် မဥ၏မျက်နှာကို စိုက်၍ကြည့်ပြီး မျက်လုံးများ ပြူးကာ ဝေဒနာကိုမေ့ပြီး

"အမယ်လေး မဥရဲ့၊ မဥရဲ့ ကျုပ်ဖြစ်ပုံကို မြင်ဝံ့သေးရဲ့လားကွယ့်"

ဟု ပြောကာ လက်နှစ်ဖက်ကို ဆန့်ပြီး မတ်တတ်မှ လဲ၍သွားတော့မလို ဖြစ်လေရာ မဥသည် ပြေး၍ပွေ့ဖက်ကာ ...

"ကိုဆိုးပေ၊ ကိုဆိုးပေ"

ဟု နှစ်ခွန်းမျှသာ ခေါ်နိုင်ရှာလေ၏။ မဥသည် မြေပေါ်၌ ပုဆစ် တုပ်ရက်ကျလေ၏။ ပေါင်ပေါ်၌အခွေသားမှိ၍ နေလေ၏။ ထိုအခါ မောင်ကွန်းသည် အံ့အားသင့်လျက် ဓာတ်မီးနှင့်ထိုးကာ ငုံ့၍ကြည့်လေရာ ဓား ပြရွေဆိုး၏မျက်နှာကို သိမ်မွေ့သောလက်ဖြင့် ကိုင်ကာ ပွတ်သပ်ယုယလျက် မျက်ရည်စက်လက်နှင့်နေသော မိခင်ကိုလည်းကောင်း၊ စကားမပြောနိုင်ဘဲ ဖုတ်လိုက် ဖုတ်လိုက်နှင့် အသက်ရှူကာ မဥ၏မျက်နှာကို ကြည့်၍နေသော ဖခင်ကိုလည်းကောင်း မြင်ရလျက် ဓာတ်မီးကိုကိုင်၍ ထားသောလက်များသည် လျော့ပြီးလျှင် ဓာတ်မီးသည် အောက်သို့ကျသွားလေ၏။ ထို့နောက် ...

"အမယ်လေး မေမေရဲ့၊ ကျွန်တော် မှားပါပေကော"

mgyoe.com

ဟုပြောကာ ဖခင်နှင့် မိခင်ကို သိမ်း၍ဖက်လေ၏။

အနီးရှိ ဓားပြများနှင့်ပုလိပ်သားများလည်း အံ့အားသင့်လျက် ဝိုင်းအုံ၍သာ ကြည့်၍နေကြရလေ၏။ အတန်ကြာသောအခါ မောင်ကွန်းက–

"ကိုင်း ... မေမေ လွန်ကုန်ကြပြီ၊ ဘယ်နည်းနဲ့မှ တတ်နိုင်တဲ့နည်းလမ်းရှိတော့မှာမဟုတ်ဘူး။ ကျွန်တော် တာဝန်ကုန်အောင် ဆောင်ရွက်ရတော့မယ်၊ မေမေ အိမ်ကိုသာပြန်ပါတော့"

ဟု ပြောကာ မိခင်ကို တွဲထူလေ၏။ ဓားပြဆိုးပေလည်း အားယူကာ မြေပေါ်မှထလေ၏။ မောင်ကွန်းသည် မိခင်ကို အိမ်သို့တွဲ၍ပို့ရင်း ထပ်မံတွေ့ရဖို့ရန် ကျွန်တော် စီမံအားထုတ်ပါမည်ဟု ကတိထားလေ၏။ မိခင်သည်ကား မလိုက်ချင် လိုက်ချင်နှင့် မိမိ၏ယောကျ်ားကို ပြန်ကာကြည့်ရင်း ...

"ကိုဆိုးပေ သွားပေဦးတော့ ... ကံဆိုးမသားကြီးရဲ့၊ ကျွန်မ တွေ့အောင်ကြံပါ့မယ်၊ ဘာကိုမှ အားမငယ်ပါနဲ့။ ကျွန်မတို့ ကြံနိုင်သမျှ ကြံစည်ပါ့မယ်၊ အခု ရှင့်ကို သေနတ်နဲ့ပစ်ပြီးဖမ်းလာတာဟာ ရှင့်သားအရင်းပါပဲ"

ဟု ပြောပြီး အိမ်သို့ ပြန်လာခဲ့လေ၏။ မောင်ကွန်းသည် ဓားပြများထံပြန်ပြီးလျှင် ခိုင်လုံသည် မခိုင်လုံသည်ကို စစ်ဆေးလေ၏။ ဖခင်၏ရှေ့သို့ရောက်သောအခါ ကြည့်လျက် မတ်မတ်ရပ်၍နေကာ ရိုသေသော်လည်း ချည်နှောင်ထားသော လက်ထိပ်များကိုမခတ်ဘဲ မနေမူ၍ သေချာစွာ စစ်ဆေးလေ၏။ ဖခင်သည် သားစစ်ဆေးခြင်းကို ခံလိုက်၊ မျက်ရည်ပြည့်သော မျက်လုံးများမှာ သား၏ မျက်နှာပေါ်၌သာ စိုက်ကာ ကြည့်နေလေ၏။ ၎င်းနောက် ဂါတ်သို့သွားကြလေ၏။

နောက်နှစ်ရက်ကြာသောအခါ နံနက်ခင်းအချိန် မောင်ကွန်းသည် မိခင်ထံသို့ ပြေး၍လာပြီးလျှင် ...

"ဖေဖေ့ကိုဝင်ပြီးကြည့်ရတော့မယ် မေမေ၊ အခွင့်ရပြီးသို့သော်လည်း ဖေဖေ ဒဏ်ရာ မသက်သာဘူးလို့ ကြားရတယ်၊ ဘယ်လိုနေသလဲမသိဘူး"

mgyoe.com

ဟု ညှိုးငယ်စွာ ပြောလာပြီးနောက် သားအမိနှစ်ယောက် ထောင်ထဲသို့ရောက်သောအခါ ဆေးရုံသို့သွားရောက်လေ၏။ ဆေးရုံ၌ တစ်ခုသော ခုတင်ပေါ်တွင် သွေးမရှိသောမျက်နှာနှင့် ပက်လက်အိပ်၍နေသောသူကို မြင်ရသောအခါ မဥမှာ ရင်ထဲကို မီးစကြီးထိုး၍ သွင်းလိုက်သလိုဖြစ်သွားလေ၏။ မကြာမီ အပါးသို့ ရောက်သွားသောအခါ မဥသည် ခုတင်ကိုမှီ၍ ထိုင်လေ၏။ လူမမာ အကျဉ်းသမားသည်ကား မဥနှင့် မောင်ကွန်းကို တစ်လှည့်စီကြည့်ကာ နှုတ်ခမ်းများကိုလှုပ်လေရာ နားကပ်၍ ထောင်လေ၏။ ထိုအခါ ...

"မဥ၊ ကျုပ် အဖေကွယ့်နော်၊ သို့သော်လည်း မသေမီ ကျုပ်သားကို တွေ့ရတာ အားရပါပြီ။ သားနှင့်မယားကို ကြည့်ပြီး သေရတာဟာ သေခြင်း၏ဒုက္ခကို များများကြီးသက်သာရာရစေဖို့ ဖြစ်တာပါပဲ။ ကျုပ်အပြစ်တွေကို ခွင့်လွှတ်ပါ။ ကျုပ်ဖြင့် မင်းနဲ့ ဒီလောက်ပဲ ရေစက်ဆုံခဲ့ တာကိုး၊ ကျုပ်သွားရတော့မယ်၊ ကျုပ်ကိုယ်ထဲမှာ သွေးမရှိဘူး၊ ခြေလက် တွေလေးကုန်ပြီ၊ မဥ ... မဥ"

ဟု ညည်းပြီး အပါး၌ရပ်နေသော မောင်ကွန်းကို စိုက်ကာကြည့်လေရာ မောင်ကွန်းသည် အနီး၌ မှီ၍ထိုင်ပြီး နားအနားကို ကပ်ကာ ..

"ဖေဖေ ကျွန်တော် မသိလို့ ယခုလိုဖြစ်ရတာပါပဲ"

ဟု ပြောလေသည်။ ထိုအခါ အရောင်အဆင်းမရှိသော မျက်လုံးမှာ ခိုးမှင်တွေ ဆင်၍လာသလို သာ၍ မှေးမှိန်လျက်၊ ပါးစပ်ကို လှုပ်လေ၏။ မောင်ကွန်းသည် နားကပ်၍ ထောင်လေရာ ...

"ကိစ္စမရှိဘူး သားကြီးရဲ့၊ ဖေဖေက မကောင်းဘဲကိုး၊ မင်းအမေကိုသာ ဖေဖေ့အစား ပြုစုရစ်ကာနေတော့"

ဟု ပြောခိုက်တွင် လက်တစ်ဖက်ကို မောင်ကွန်းသည် အုပ်ကိုင်လေ၏။ လက်တစ်ဖက်ကို မဥအုပ်ကိုင်လေ၏။ ထို့နောက် လူနာ၏ မျက်လုံးများသည် လည်ပြီးလျှင် တစ်ချက်နှစ်ချက်မျှ မှေးပြီးနောက် ကိုယ်လက်များ ငြေပြီး ငြိမ်သက်ခြင်းအဖြစ်သို့ ရောက်သွားလေ၏။ သားအမိ

mgyoe.com


နှစ်ယောက်တို့လည်း အလောင်းကိုဖက်ကာ မနားနိုင်အောင် ရှိနေကြလေ၏။

* * *

နောက်တစ်လလောက်ကြာသောအခါ မောင်ကွန်းသည် ရွာတစ် ရွာမှ အပြန် မချစ်၏အိမ်သို့ ဝင်လေ၏။ သွေ့ခြောက်ငြီးငွေ့ဖွယ်သော အိမ်ကို အဝေးမှမြင်ရုံမျှနှင့် အားတက်ကာ သာယာလှစွာသော ဘုံဗိမာန် သို့ ချဉ်းကပ်၍လာသကဲ့သို့ ဘယ်အခါမျှ မပျောက်ပျက်သော ဝမ်းနည်း သူ မချစ်၏မျက်နှာကလေးကို မြင်ရတော့မှာပဲဟု စိတ်ထဲတွင် မျှော်လင့် ကာ အိမ်အပါးသို့ ရောက်လေရာ အိမ်၌ တစ်စုံတစ်ရာမျှသော အသံကို မျှ မကြားရသဖြင့် အားငယ်၍သွားလေ၏။ အိမ်ရှေ့သို့ရောက်သောအခါ သွေ့ခြောက်သောအိမ်မှာ သုသာန်ဇရပ်ကဲ့သို့ ဖြစ်နေသည်ကို တွေ့မြင်ရ လေ၏။ အကြောင်းမူကား မည်သူတစ်ယောက်မျှ မရှိ။ ဟောင်းလောင်း ကြီးဖြစ်၍ နေလေသည်။ ထိုအခါ မောင်ကွန်းမှာ အားရှိသမျှ ဆုတ်ယုတ် ပြီး မောပန်း၍လာသောကြောင့် အိမ်ရှေ့၌ထိုင်ကာ မချစ် ဘယ်ကိုများ ရောက်ရှာပါလိမ့်မလဲ။ ဘယ်ကိုများ ပြောင်းရွှေ့သွားပါလိမ့်မလဲ စသည် ဖြင့် တွေးတောနေလေရာ အိမ်ပေါ်၌ လျှောက်၍နေသော ဆက်ရက် နှစ်ကောင်တို့သည် အချင်းချင်း မာဂဓဘာသာဖြင့် ပြောဆိုနေသောစကား များကို ရပ်ကြပြီးလျှင် မိမိကို ငေးကြည့်ကာ ...

"ဒီစည့်သည် ဘာလုပ်လာပါလိမ့်မလဲ"

ဟု တွေးသကဲ့သို့ ကြည့်၍နေကြလေ၏။ မောင်ကွန်းသည် အိမ်ပေါ် သို့ တက်၍ကြည့်လေရာ တစ်ခုသောထရံအကြား၌ ညှပ်၍ထားသော သိုး မွေးစကလေးနှင့် ဖော့ပန်းကလေးတစ်ခု၊ ဆံညှပ်ကလေးတစ်ချောင်း၊ ဇာ လက်ကိုင်ပဝါ တစ်ပိုင်းစုတ်ကလေးကို တွေ့မြင်ရလေရာ ၎င်းတို့ကိုယူ ရန်ကြည့်လေ၏။ ပန်းနှင့် ပဝါ ၎င်းအပြင် သိုးမွေးကို နမ်း၍ကြည့်လိုက် သောအခါ သင်းပျံ့မွှေးကြိုင်သော ကညာတို့၏ရနံ့ကို ရရှိသဖြင့် ဒီဟာ

mgyoe.com

mgyoe.com

ချစ်ချစ်၏ အနံ့အသက်ပဲဟု စိတ်ထဲမှ စွဲပိုက်ကာ လိုက်ဖို့၍သွားလေ၏။ "အရင်တစ်ခေါက် ရောက်လာတုန်းက ငါဒီနေရာမှာထိုင်တာပဲ တကတည်းဗျာ၊ ဘယ်ကိုများ ရောက်သွားရှာပါလိမ့်မလဲ"ဟု တွေးရင်း ဝမ်းနည်းကာ အိမ်ပေါ်မှ တဖြည်းဖြည်းဆင်း၍ အချိန်မရှိသောကြောင့် နောက်တစ်ခါမှ လာပြီး သေသေချာချာ စုံစမ်းမေးမြန်းရှာဖွေမည်ဟု စိတ်အကြံပြုကာ ပြန်၍လာခဲ့လေသည်။

နောက်တစ်နေ့၌ ရန်ကုန်ကိုသွားမည်ဟူသော အမိန့်ကို ရရှိလေရာ မောင်ကွန်းသည် ချစ်ချစ်ကို ထပ်မံ၍ရှာခွင့်မရဘဲ မိခင်ကို ပုသိမ်မှာ ထားခဲ့၍ ရန်ကုန်သို့ ထွက်လာခဲ့လေ၏။ ရန်ကုန်မြို့သို့ရောက်ပြီးနောက် မိမိလုပ်ကိုင်ရန်တာဝန်များ ပြီးစီးသောအခါ ညနေချမ်းအချိန် ဘုရားကြီးသို့ တောင်ဘက်စောင်းတန်းမှ တက်သွားပြီးလျှင် ပန်း၊ ဖယောင်းတိုင်များကို ဝယ်ယူပြီးနောက်၊ အရှေ့ဘက်သို့ လှည့်သွားလေရာ မြောက်ဘက်လှည့်လာသူ မိန်းမပျိုတစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိလေလျှင် နှစ်ယောက်စလုံး အံ့အားသင့်၍ နေကြလေ၏။ မိနစ်အနည်းငယ်ကြာသော အခါ မိန်းမပျို၏မျက်နှာသည် ညိုလျက် မောင်ကွန်း၏မျက်နှာကို ကြည့်ရာမှ လွှဲဖယ်ပြီး အရှေ့စောင်းတန်းဘက်သို့ ကွေ့၍ဆင်းလာရာ မောင်ကွန်းက "ချစ်ချစ် ချစ်ချစ်" ဟု လိုက်၍ခေါ်သော်လည်း ပြန်၍မျှမကြည့်ဘဲ အောက်သို့သာ ဆင်း၍သွားလေ၏။ ထိုအခါ မောင်ကွန်းသည် လွန်စွာ အံ့အားသင့်လျက် ဘယ်အတွက် သင် ငါ့ကို နှုတ်မဆက်ပါသလဲ၊ ငါ့ကို စကားမှ မပြောပါတကားဟု ငါ စကားပြောခွင့်ရအောင် လိုက်မည်၊ ဘယ်နည်း ဘယ်ပုံ သင်းရောက်၍ လာပါသလဲ စသည်ဖြင့်တွေးပြီး အတင်းလိုက်လေရာ ဘုရားခြေရင်းသို့ရောက်သောအခါ ချစ်ချစ်သည် နောက်သို့ လှည့်ပြီး ...

"ရှင် ဘာဖြစ်လို့ ကျွန်မနောက်ကို လိုက်ရသလဲ"

ဟု မျက်နှာထား၍ ပြောလေ၏။

"အရင်က တစ်ခါတွေ့ဖူးပြီး စကားပြောလို့မှ မဝသေးမီ ကိစ္စရှိလို့

mgyoe.com